# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957



ပညာရှိတို့အားချစ်မြတ်နိုး၏

အကြင်ပညာရှိတို့သည် သမထစျာန်၌ လေ့ကျက်အားထုတ်ကုန်၏။ ကာမမှ ထွက်မြောက်မှု ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးတရားကို ကောင်းစွာသိကုန်သော၊ လွန်ကဲသော၊ သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ပြဟ္မာတို့သည်လည်း ချစ်မြတ်နိုးကြကုန်၏။

ဗုဒ္ဓဝင်(ဓမ္မပဒ-၁၈၁)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ စနေနေ့။ Saturday , 15 October 2016 (၈၇၁၅)


# နိုင်ငံတော်အတွင်း လက်ရှိဖြစ်ပေါ်နေသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အထူးအစည်းအဝေး ကျင်းပ





**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လက်ရှိဖြစ်ပေါ် နေသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အထူးအစည်းအဝေးကျင်းပစဉ်။** (အပေါ်ပုံ)**နှင့် အစည်းအဝေးသို့ တက်ရောက်သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အား တွေ့ရစဉ်။** (ယာပုံ)(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လက်ရှိဖြစ်ပေါ်နေသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အထူးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သည့် အခြေအနေ၊ အကြမ်းဖက်သမားများ၏ ဆောင်ရွက်ချက်နှင့် နောက်ခံအကြောင်းအရာများ၊ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့အပြင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများအခြေအနေ၊ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့်

**စာမျက်နှာ ၇ ကော်လံ ၆ သို့**

# မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ စခန်းများအား အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၆)
(၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်)
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်**

၁။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများသို့ အကြမ်းဖက်သမားများက အလစ်အငိုက် ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပါသည်။ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်း ကိုးဦး ကျဆုံးခဲ့ပြီး လက်နက်မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လုံ့စွပ် ၄၇ ချောင်း၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့ရပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံမှုကြောင့် အကြမ်းဖက်သမား ရှစ်ဦး၏အလောင်းများ ရရှိခဲ့ပြီး နှစ်ဦးအား အရှင်ဖမ်းမိခဲ့ပါသည်။ ၎င်းတို့ထံမှ လုပ်သေနတ်ပစ္စတို ၁ လက်၊ ၎င်းကျည် ၂ တောင့်နှင့် ကျည်အိမ် ၁ ခု သိမ်းဆည်းရမိခဲ့ပါသည်။

၂။ ယူဆောင်သွားသော လက်နက်ခဲယမ်းများနှင့် အကြမ်းဖက်သမားများသည် မောင်တောခရိုင်အတွင်း လှည့်လည်သွားလာ၍ အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်လာခဲ့ရာ တပ်မတော် တပ်ရင်းတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းစစ်ကြောင်းများက အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ရာဒေသများတွင် နယ်မြေရှင်းလင်းမှုဆိုင်ရာ စစ်ဆင်ရေးများဆင်နွှဲခဲ့ရာ အကြမ်းဖက်သမားများနှင့် မကြာခဏထိတွေ့မှုများ ဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်အထိ တပ်မတော်သား ငါးဦး အသက်ပေးလှူခဲ့ရပါသည်။

၃။ ဖမ်းဆီးရမိသော အကြမ်းဖက်သမား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်လွှဲပြောင်းပေးခဲ့သည့် အကြမ်းဖက်သမား နှစ်ဦးတို့ကို ပဏာမ စစ်ဆေးဖော်ထုတ်ချက်အရ မောင်တောမြို့နယ်အတွင်း ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများသည် ပြည်ပမှ ငွေကြေးထောက်ပံ့မှု၊ ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းဝင်များ၏ ပံ့ပိုးမှု၊ ကူညီမှုတို့ဖြင့် အချိန်ယူကာ စနစ်တကျ ကြိုတင်ဆောင်ရွက်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




# ကြေးမုံ

## တရားဥပဒေစိုးမိုးရေးအလေးထား

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေး အားကောင်းနေမှသာလျှင် ထိုနိုင်ငံအတွင်း လုံခြုံစိတ်ချမှုရှိပြီး အေးချမ်းစွာ ရပ်တည်နေထိုင်နိုင်မည် ဖြစ်သည်။ နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ပြဋ္ဌာန်းထားသော ဥပဒေများရှိပြီး ထိုဥပဒေများနှင့်အညီ ထိထိရောက်ရောက် လျင်လျင်မြန်မြန်ကိုင်တွယ်ကာ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးရမည်ဖြစ်သည်။

ယခုတလောမြင်တွေ့ကြားသိနေရသော အဖြစ်အပျက်များကို ကြည့်မည်ဆိုလျှင် တရားဥပဒေစိုးမိုးရေးကို မထီမဲ့မြင်ပြုကာ ဥပဒေမဲ့ပြုမူဆောင်ရွက်မှုများကို မြင်တွေ့နိုင်သည်။ စည်းကမ်းမဲ့မောင်းနှင်နေသော ကားကြီး၊ ကားငယ်များ၊ ခရီးသွားပြည်သူများ ကိုယ်စိတ်နှလုံးထိခိုက်မှုဖြစ်သော မော်တော်ယာဉ်အချို့တို့၏ အပြုအမူများ၊ လမ်းသွားလမ်းလာများအား စိတ်အနှောင့်အယှက်ဖြစ်စေလောက်အောင် စျေးရောင်းကြသူများ၊ ရပ်ရွာများအတွင်း ဥပဒေမဲ့ပြုမူမှုများနှင့် ဒုစရိုက်မှုများက ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့် သဘောဆောင်နေသည်။

လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာဆောင်ရွက်နိုင်သည်။ ရရှိပြီးသော အချုပ်အခြာအာဏာ အပြည့်အဝသက်ရောက်စေရန် ကာကွယ်ရေး၊ လုံခြုံရေးအဖွဲ့အစည်းများသာမက တာဝန်ရှိသူများနှင့် ပြည်သူတစ်ရပ်လုံး ကပါ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြသည်။ အချုပ်အခြာအာဏာသက်ရောက်ပြီးသား တည်ငြိမ်မှုရှိသည့် မြို့ရွာဒေသများတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လူမှုဘဝလုံခြုံမှုအာမခံချက် ရရှိနိုင်ရေးအတွက် ဥပဒေကိုလေးစားလိုက်နာသော လူမှုပတ်ဝန်းကျင်၊ တရားမျှတမှုရှိသောဥပဒေ၊ သမာသမတ်ကျသော တရားစီရင်ရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ရေးတို့ လိုအပ်ပေသည်။

တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် တရားလက်လွတ်ပြုကျင့်မှုများ၊ ဥပဒေကို ချိုးဖောက်မှုများအား ချက်ချင်းတုံ့ပြန်ကာထိရောက်အောင်ဆောင်ရွက်နိုင်ဖို့လိုအပ်ပေမည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုအပြည့်အဝရှိဖို့လည်း အရေးကြီးပေသည်။

အချုပ်အခြာအာဏာအပြည့်အဝသက်ရောက်မှု မရှိသေးသော၊ စစ်မက်ဖြစ်ပွားနေသောဒေသများ၊ အကြမ်းဖက်ဆူပူမှုဖြစ်ပွားနေသော ဒေသများ၊ အကြောင်းအမျိုးမျိုးတို့ကြောင့် မလုံခြုံမှုနှင့်စိုးရိမ်သောကများ ခံစားနေရသော ဒေသများတွင် တရားဥပဒေစိုးမိုးရေးကို ထိရောက်အောင် မဆောင်ရွက်နိုင်ချေ။ ထို့ကြောင့် မိမိတို့၏ အချုပ်အခြာအာဏာ သက်ရောက် အခွန့်ရှည်မှုရှိစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အခြာအာဏာသက်ရောက်ပြီးသား ဒေသများတွင်မူ ဥပဒေကို ကျူးလွန်ဖောက်ဖျက်သူများအား ချက်ချင်းတုံ့ပြန်ထိရောက်အောင် ထိန်းကွပ်ဆောင်ရွက်နိုင်သဖြင့် ဥပဒေမဲ့ကျူးလွန်မှုများ ပြုလုပ်လာရန်ခဲယဉ်းပေလိမ့်မည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးအဖွဲ့အစည်းများနှင့်တရားစီရင်ရေးတို့အပေါ်တွင် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု ရှိနေစေရန်လိုအပ်သည်။

ရာဇဝတ်မှုခင်းများကို ဖော်ထုတ်ခြင်း၊ မှုခင်းများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးခြင်း၊ အမှုမှန်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း စသည်တို့ကို ကြိုးပမ်းလုပ်ဆောင်နိုင်ပါက ပြည်သူလူထုတစ်ရပ်လုံး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေများကို လေးစားလိုက်နာရန်မှာ အားလုံးတွင်တာဝန်ရှိပေသည်။ အုပ်ချုပ်သူလူတန်းစားများက ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ တိတိကျကျအကောင်အထည်ဖော်ဆောင်ရွက်ရကြသလို ပြည်သူများကလည်း ဥပဒေများကို လေးစားလိုက်နာခြင်းဖြင့် လူမှုဘဝလုံခြုံမှု၊ တရား မျှတမှု၊ လွတ်လပ်မှုတို့ အပြည့်အဝပေါ်ပေါက်လာပြီး အေးချမ်းသာယာသော လူမှုဘဝ ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

## နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၇ ခု စုပေါင်း၍ ရုက္ခဗေဒဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**မိတ္ထီလာ အောက်တိုဘာ ၁၄**

နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၇ ခု စုပေါင်း၍ ရုက္ခဗေဒဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက မိတ္ထီလာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

ရုက္ခဗေဒ ဘာသာရပ်သင်ကြားသည့် ဆရာဆရာမများ၏အတွေ့အကြုံများ နှီးနှောဖလှယ်ဆွေးနွေးခြင်းဖြင့် ရုက္ခဗေဒဘာသာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ဖြူဖြူအေး၊ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာကေသီသင်တို့ကအဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပါမောက္ခ (ရုက္ခဗေဒဌာနမှူး )ဒေါက်တာသန္တာက နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ တက်ရောက်လာကြသည့် ရုက္ခဗေဒဘာသာရပ်ဆိုင်ရာ ဆရာဆရာမများ၊ ပညာရှင်များအား အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း အကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီမှုများကို ကျေးဇူးတင်ကြောင်းပြောကြားပြီး မန္တလေး တက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာ မောင်သင်းက ရုက္ခဗေဒ ဘာသာရပ်သင်ကြားမှုအပေါ် ဆွေးနွေးပြောကြားသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ ဗန်းမော်၊ မြိတ်၊ ကျိုင်းတုံ၊ ရန်ကုန်၊ ထားဝယ်၊ မြစ်ကြီးနား၊ မြင်းခြံ၊ မိတ္ထီလာ၊ မန္တလေး၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မကွေး၊ ရေနံချောင်း၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လှိုင်ကော်၊ ဘားအံစသည့် မြို့ကြီးများရှိ တက္ကသိုလ်ဒီဂရီကောလိပ်၊ ကောလိပ်များမှ ရုက္ခဗေဒဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမ ၂၀၀ခန့် တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲအား အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျိုက်ထီးရိုးစေတီဘုရားပွဲတော်၌ ဘေးအန္တရာယ်ဖြစ်စေမည့် ဆေးဝါးနှင့် ကုန်ပစ္စည်းမရောင်းချရန်အသိပညာပေး

**ကျိုက်ထို အောက်တိုဘာ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့၌တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘုရားပွဲတော်တွင် ပြည်သူများဘေးအန္တရာယ်ဖြစ်စေမည့်ဆေးဝါးနှင့် အလှကုန်ပစ္စည်းများမရောင်းချရန် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနနှင့်အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီတွင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ရှိ ဆီမီး ၉၀၀၀ မီွာရုံ၌ ကျင်းပသည်။

အသိပညာပေးပြုလုပ်ရာတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒေါက်တာစိုးနိုင်က အစားအသောက်နှင့် အလှကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်ငါးချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် မုဆိုးစေတီလမ်းတစ်လျှောက်ရှိ ဆေးဆိုင်များနှင့် အလှကုန်စွည်းအရောင်းဆိုင်များသို့ သွားရောက်၍ရက်လွန် ဆေးဝါးများနှင့် အစားအသောက်ကုန်ပစ္စည်းများကို မရောင်းချရန်လိုက်လံ အသိပေးပြောကြားခဲ့ကြောင်းသိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



## ရထားလမ်းအနီးနေပြည်သူများအား အသိပညာပေးဟောပြော

**ပဲခူး အောက်တိုဘာ ၁၄**

ပဲခူးမြို့ မီးရထားရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးသက်ထွန်းဦးစီး၍ ပဲခူးရထားရဲစခန်းမှူး ရဲအုပ်စိုးမြင့်နှင့်ရဲတပ်ဖွဲ့ဝင်များသည် ပဲခူးဘူတာအမှတ်၂ စကြံတွင် ရထားနှင့် လူ၊ တိရစ္ဆာန်၊ ယာဉ်များနှင့် ထိခိုက်မှုများမဖြစ်စေရေး ရထားသံလမ်းဘေးအနီးရှိ ရပ်ကွက်တို့တွင် နေထိုင်သော ပြည်သူများအား ကျွန်းသာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်နှင့်အဖွဲ့ဝင်များ၊ ဇိုင်းတောင်၊ မြောက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံ၍ ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေများအား ရှင်းလင်းဟောပြောခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။ ။

**လူမုန်း(ကမ္ဘောဇသာဒီ)**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

❒ **ရှေ့ဖုံးမှ**

၄။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ၎င်းဒေသတွင် အများစု ရောက်ရှိနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာစေရန် အချိန်ယူ၍ စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ် ရရှိခဲ့ပါသည်။ မောင်တောဒေသကို ခြေကုပ်ယူ၍ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံအချို့ရှိ အစွန်းရောက်ပုဂ္ဂိုလ်များ၏ ငွေကြေးပံ့ပိုးမှု အလုံးအရင်း ရယူခဲ့ခြင်းဖြစ်ပါသည်။ ငွေကြေးများ ထောက်ပံ့မှုပြုရာတွင် အဖွဲ့အစည်းအလိုက် ဆောင်ရွက်ခြင်းမပြုဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်းဆက်သွယ်မှုဖြင့် လျှို့ဝှက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။

၅။ မောင်တောဒေသ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သော မောင်တောဒေသတွင် လှုပ်ရှားသည့် Aqa Mul Mujahidin (အကာလ်မူလ် မူဂျာဟီဒင်န်) အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။ ၎င်းအဖွဲ့ကို ဦးဆောင်သူမှာ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာနေ ဘာသာရေး၊ လူမျိုးရေး အစွန်းရောက် တစ်ဦးဖြစ်သည့် ဟာဗစ်တူဟာရ် ဖြစ်ကြောင်း၊ အသက် ၄၅ နှစ်ခန့်ရှိသည့် ဟာဗစ်တူဟာရ်သည် ပါကစ္စတန်နိုင်ငံရှိ တာလီဘန်များထံ ၆ လ သင်တန်းတက်ရောက်ခဲ့သူဖြစ်ပြီး ၎င်း၏အစ်မ ၄ ဦးနှင့် အစ်ကို ၁ ဦးတို့မှာ ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် နေထိုင်လျက်ရှိကြောင်း၊ ဟာဗစ်တူဟာရ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာ့ဖ်အနီးရှိ ကျေးရွာတစ်ရွာတွင်လည်း သွားရောက်နေထိုင်လေ့ရှိပြီး ဒုက္ခသည်အမည်ခံ၍ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ အဖွဲ့အစည်းများထံမှ ငွေကြေးထောက်ပံ့မှုများ ရယူလျက်ရှိကြောင်း၊ ၎င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသူများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနေ ငါးခူရကျေးရွာတွင် ရောက်ရှိနေသော ပါကစ္စတန်နိုင်ငံသား ခါလစ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကူတာပါလောင်ဒုက္ခသည်စခန်းတွင် နေထိုင်သော အီဗရာဟိန်း၊ အာဇာ၊ အာရပ်တူလာ၊ နီလာဒုက္ခသည်စခန်းတွင် နေထိုင်သော ဇူဘိုင်၊ အစ္စလာမ်ဆိုသူအပါအဝင် ၁၂ ဦးဖြစ်ကြောင်း၊ ခါလစ်သည် ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်သင်တန်းတက်ရောက်ထားသူတစ်ဦးဖြစ်ပြီး မြန်မာ၊ ဘင်္ဂလီ၊ ရခိုင်၊ မလေး၊ ပါကစ္စတန်နှင့် အင်္ဂလိပ်ဘာသာစကားများ ကျွမ်းကျင်စွာပြောဆိုနိုင်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သော (၅) လခန့်မှစ၍ ဟာဗစ်တူဟာရ်၏ အစီအစဉ်ဖြင့် မောင်တောဒေသသို့ ဝင်ရောက်လာပြီး ဟာဗစ်တူဟာရ် စည်းရုံးထားသော ဒေသနေအစွန်းရောက်လူငယ်များကို အကြမ်းဖက် သင်တန်းများပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိပါသည်။

၆။ ငါးခူရအလယ်ရွာတွင် အဓိက စည်းရုံးလှုပ်ရှားခဲ့သူများဖြစ်သော ငါးခူရကျေးရွာနေ အဒူရာမန်၊ မူနက်၊ ကာဖိုက်တူလာ၊ အာကစ်တို့လေးဦးသည်လည်း RSO စစ်သင်တန်းတက်ရောက်ပြီးသူများဖြစ်ကြောင်း၊ ဟာဗစ်တူဟာရ်၊ ခါလစ်နှင့်ကျီးကန်းပြင်စခန်းအား တိုက်ခိုက်ရာတွင် ဦးဆောင်သူ မောင်နှမကျေးရွာနေ မာဘူယာတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဝင်ရောက်လာသည့် အကြမ်းဖက် အဖွဲ့ဝင် ၁၂ ဦးနှင့်ပေါင်း၍ မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာ၊ အလယ်သံကျော်ကျေးရွာနှင့် ငန်းချောင်းကျေးရွာတို့တွင် ဓားပြတိုက်ခဲ့ဖူးကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၇။ ဟာဗစ်တူဟာရ်နှင့် အဖွဲ့သည် မောင်တောဒေသအတွင်းရှိ အစွန်းရောက်လူငယ်များကို စည်းရုံးသိမ်းသွင်းကာ တောတွင်းနှင့် တောင်ပေါ် လူသူအရောက်အပေါက်နည်းသည့် နေရာများတွင်လည်းကောင်း၊ ငါးခူရအလယ်ကျေးရွာရှိ အဒူရာမန်၏ နေအိမ်ခြံဝင်းအတွင်းတွင် လည်းကောင်း၊ ကျောက်ပြင်ဆိပ်ကျေးရွာအနီး တောတွင်းတွင်လည်းကောင်း သေနတ်ပစ်သင်တန်းနှင့် ကိုယ်ခံပညာသင်တန်းများကို တိတ်တဆိတ်သင်ကြားပေးခဲ့ကြောင်း၊ ၎င်းနောက် အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၈။ ဟာဗစ်တူဟာရ်သည် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)ကို မာဘူယာ ဦးဆောင်၍ အကြမ်းဖက်သမားအင်အား ၁၀၀ ဦးခန့်ဖြင့်လည်းကောင်း၊ ငါးခူရနယ်မြေစခန်းကို ခါလစ်နှင့် အဒူရာမန် ဦးဆောင်၍ အကြမ်းဖက်သမား အင်အား ၁၀၀ ဦးခန့်ဖြင့်လည်းကောင်း၊ ကြိမ်ချောင်းနယ်မြေစခန်းကို ဝါကဒ်စ် ဦးဆောင်၍ အကြမ်းဖက်သမား အင်အား ၅၀ ဦးခန့်ဖြင့်လည်းကောင်း၊ ကျောက်လှေကားနယ်မြေစခန်းကို အာဇာ ဦးဆောင်၍ အကြမ်းဖက်သမား အင်အား ၅၀ ဦးခန့်ဖြင့်လည်းကောင်း၊ ရွက်ညိုတောင်နယ်မြေစခန်းကို ရော်ပိုင်ဦးဆောင်၍ အကြမ်းဖက်သမား အင်အား ၅၀ ဦးခန့်ဖြင့်လည်းကောင်း၊ ကိုးတန်ကောက်ရဲကင်းစခန်းကို အဘူကူးမား ဦးဆောင်၍ အကြမ်းဖက်သမားအင်အား ၁၂ ဦးခန့်ဖြင့်လည်းကောင်း၊ အကြမ်းဖက်သမား အင်အား ၄၀၀ နီးပါးဖြင့် နေရာ ၆ နေရာကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ခဲ့သော်လည်း ကျီးကန်းပြင် ဌာနချုပ်၊ ငါးခူရနယ်မြေစခန်းနှင့် ကိုးတန်ကောက်ရဲကင်းစခန်း စုစုပေါင်း သုံးနေရာကိုသာ အောက်တိုဘာ ၉ ရက်တွင် တိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စခန်းများကို တိုက်ခိုက်ပြီးနောက် ရဲတပ်ဖွဲ့ဝင်များကို သတ်ဖြတ်ပြီး လက်နက်များနှင့် ပစ္စည်းများရယူရန်၊ ရရှိသည့် လက်နက်များဖြင့် အနီးပတ်ဝန်းကျင်ရှိ တပ်မတော်နှင့် ရဲတပ်ဖွဲ့စခန်းများအား ဆက်လက်တိုက်ခိုက်ရန် ဟာဗစ်တူဟာရ် က ညွှန်ကြားထားကြောင်း၊ ဝင်ရောက်တိုက်ခိုက်မှုမပြုလုပ်မီ အဖွဲ့ခေါင်းဆောင်များမှ အကြမ်းဖက်အဖွဲ့ဝင်များကို တိုက်ခိုက်မည့်အစီအမံအား စနစ်တကျရှင်းလင်းခဲ့ကြောင်း သိရသည်။

၉။ Aqa Mul Mujahidin (အကာလ်မူလ် မူဂျာဟီဒင်န်) အဖွဲ့သည် ကမ္ဘာအနှံ့ရှိ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ဆောင်ရွက်လေ့ရှိသည့် နည်းဗျူဟာများအတိုင်း ပြည်ပငွေကြေးထောက်ပံ့မှု (အရှေ့အလယ်ပိုင်းရှိမောင်တောဒေသအနွယ်)၊ အကြမ်းဖက်တိုက်ခိုက်မှုစစ်သင်တန်း (ပါကစ္စတန်-တာလီဘန်၊ ဘင်္ဂလားဒေ့ရှ်-RSO) စသည်တို့ဖြင့်စတင်၍ ပဋိပက္ခဖြစ်ပွားခဲ့သော မောင်တောဒေသအတွင်းရှိ အစွန်းရောက်လူငယ်များကို ဘာသာရေးအရ စည်းရုံးဆောင်ရွက်သောနည်းဗျူဟာကို ကျင့်သုံးဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်ရာ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်ရယူပြီးနောက် ပြည်ပထောက်ခံမှု၊ ငွေကြေးပံ့ပိုးမှုများ မြင့်တက်လာစေရန်၊ ပြည်တွင်း၊ ပြည်ပမှဘာသာရေး အစွန်းရောက်များ ပူးပေါင်းပါဝင်လာစေရန်အတွက် တာလီဘန်၊ အယ်လ်ကိုင်းဒါး၊ ISIS စသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ နည်းနာအတိုင်း အင်တာနက်နှင့် လူမှုကွန်ရက်များတွင် ဗီဒီယိုဖိုင်များလွှင့်တင်ကာ ဝါဒဖြန့်ချိလျက်ရှိကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၁၀။ လက်ရှိအချိန်တွင် ဟာဗစ်တူဟာရ် ဦးဆောင်သော အကြမ်းဖက်အဖွဲ့ငယ်သည် အစွန်းရောက် အကြမ်းဖက်သမား ၄၀၀ နီးပါးခန့်ဖြင့် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်၊ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးတာဝန်များကို အင်အားအပြည့်အဝဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာခဏဆိုသလို ထိတွေ့မှုများဖြစ်ပွားလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်း၊ ပြည်ပရှိ အကြမ်းဖက်အဆက်အသွယ်များ၊ အကြမ်းဖက် အားပေးသူများကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး ထပ်မံရရှိသည့် သတင်းအချက်အလက်များကို ပြည်သူအများ သိရှိစေရန် ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

၁၁။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ပြည်ပရှိ အကြမ်းဖက်အဖွဲ့စည်းများ၊ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုများရယူကာ အချိန်ယူပြင်ဆင်ပြီး စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့သောအကြမ်းဖက်မှုဖြစ်ပါသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် လုံခြုံရေးတို့ကို ထိခိုက်ဖျက်ဆီးရန် ကြိုးပမ်းဆောင်ရွက်လာခြင်း ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းဆောင်ရွက်မှုများ စသည်တို့ အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့် အခြားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် ကာကွယ်၊ တုံ့ပြန်ချေမှုန်း တိုက်ဖျက်သွားမည်ဖြစ်ပါသည်။ မောင်တောဒေသ အကြမ်းဖက် တိုက်ခိုက်မှုသာမက မည်သို့သော အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းအားထုတ်ခြင်းမှန်သမျှကို ထိထိရောက်ရောက်တုံ့ပြန်ချေမှုန်းသွားမည် ဖြစ်ပါသည်။ အကြမ်းဖက်သမားများ၏ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်သူများ၊ တိတ်တဆိတ် ပံ့ပိုးကူညီသူများ၊ အကြမ်းဖက်အားပေးသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအားလုံးကိုလည်း ဆက်လက်စုံစမ်း ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းအပြင် ဖြစ်ပွားနေသော အကြမ်းဖက်တိုက်ခိုက်မှုများကို အခွင့်ကောင်းယူ၍ ပြည်သူများအကြား ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခနှင့် မတည်မငြိမ်မှုများ ဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်သူများ၊ သွေးထိုးလှုံ့ဆော်ရန် ကြိုးပမ်းသူများကိုလည်း ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ပါသည်။

၁၂။ သို့ပါ၍ နိုင်ငံသူနိုင်ငံသားများအနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် အခြေအနေများကို သိရှိနားလည်ပြီး အကြမ်းဖက် အန္တရာယ်ကို သတိဖြင့် ဂရုပြုကြရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ဘာသာရေး၊ လူမျိုးရေး သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းမပြုကြရန်၊ အခြားဒေသများသို့ ပဋိပက္ခများ ကူးစက်ဖြစ်ပွားခြင်း မရှိစေရေး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ဘာသာရေး၊ လူမှုရေးခေါင်းဆောင်များအနေဖြင့်လည်း ပဋိပက္ခများ မဖြစ်ပေါ်စေရေး တတ်နိုင်သမျှ ဝိုင်းဝန်းထိန်းသိမ်းကူညီကြရန်၊ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။

# နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသည့်စခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ချဉ်းကပ်သဖြင့် ပစ်ခတ်ရှင်းလင်း အကြမ်းဖက်စီးနင်းသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင်အမှတ် (၄၈)အနီးရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကင်းစခန်းမြောက်ဘက်ခြံစည်းရိုးလျှိုအနီးသို့ ယမန်နေ့ နံနက် ၃ နာရီ မိနစ် ၂၀ ခန့်က အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ချဉ်းကပ်လာသဖြင့် ပစ်ခတ်ခဲ့ရာ နံနက် ၅ နာရီခွဲခန့်တွင် ၎င်းလျှိုအတွင်းသို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့အတူ နံနက် ၃ နာရီ မိနစ် ၄၀ ခန့်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗန္ဓုလစခန်း၏ အနောက်ဘက်သို့ ဦးတည်လာသည့် ဓာတ်မီးရောင်များကြောင့် ပစ်ခတ်ခဲ့ရာ နံနက် ၅ နာရီခွဲခန့်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်ခန့်ကလည်း တပ်မတော်စစ်ကြောင်းသည် ဇင်ပိုင်ညာကျေးရွာတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် မသက်ာဖွယ် မာမွတ်အီဆု (ဘ) အလီဟူဆောင်း၏နေအိမ်အားဝင်ရောက်ရှင်းလင်းရာ ၎င်းနောက်ကျောတွင် ထိုးထားသည့် အရိုး/အသွား နှစ်ပေခန့်ရှိ ဦးချွန်ဓား တစ်ချောင်းနှင့် ၎င်းထိုင်သည့်ဖျာအောက်မှ အရိုး/အသွား နှစ်ပေခန့်ရှိဓား သုံးချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းကျေးရွာအတွင်း ဆက်လက်ရှင်းလင်းရာ အရိုး/အသွား နှစ်ပေခန့်ရှိ ဦးချွန်ဓား ၃၆ ချောင်းကို ထပ်မံသိမ်းဆည်း ရမိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**





**အကြမ်းဖက် စီးနင်းတိုက်ခိုက်သူတစ်ဦး(ဝဲပုံ)နှင့် သိမ်းဆည်းရမိသည့် ဓားများ (အောက်ပုံ)။ (မသစ)**



**နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား ဝင်ရောက်တိုက်ခိုက်ခဲ့သည့် Aqa Mul Mujahidin (အကာလ်မူလ် မူဂျာဟီဒင်န်)အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဟာဗစ်တူဟာရ်။ (ဓာတ်ပုံ - မြန်မာနိုင်ငံ ရဲတပ်ဖွဲ့)**

**မူးယစ်အန္တရာယ် လူ့ရန်စွယ်**
**ကာကွယ်တိုက်ဖျက် လက်ချင်းဆက်**

# ထိုင်းဘုရင်မင်းမြတ်၏ ရုပ်ကလာပ်ကို တော်ဝင်နန်းတော်သို့ မော်တော်ယာဉ်တန်းဖြင့် သယ်ဆောင်



**ဗန်ကောက် အောက်တိုဘာ ၁၄**

အောက်တိုဘာ ၁၃ ရက်က ကံတော်ကုန်ခဲ့သော ထိုင်းဘုရင်မင်းမြတ်၏ ရုပ်ကလာပ်ကို ၎င်းဆေးဝါးကုသမှုခံယူခဲ့ရာ ဆေးရုံမှ တော်ဝင်နန်းတော်သို့ မော်တော်ယာဉ်တန်းဖြင့် သယ်ဆောင်ခဲ့ရာ မြို့တော်ဗန်ကောက်ရှိ လမ်းများတစ်လျှောက် ပြည်သူထောင်ပေါင်းများစွာက ပူဆွေးငိုကြွေးလျက် စောင့်စားကြည့်ရှုခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်သူတို့၏ ချစ်ခင်ရိုသေမှုကို ခံယူရရှိသော ထိုင်းဘုရင် ဘူမိဘော အဒူလျာဒက်ကံတော်ကုန်ခဲ့ရပြီးနောက် တစ်ရက်အကြာ အောက်တိုဘာ ၁၄ ရက်တွင် ၎င်း၏ ရုပ်ကလာပ်ကို မော်တော်ယာဉ်တန်းဖြင့် ဘုရင့်နန်းတော်သို့ပြန်လည်သယ်ဆောင်ခဲ့ရာ သောကရောက်နေကြသော ပြည်သူများက လမ်းများပေါ် ထွက်၍ ကြေကွဲဝမ်းနည်းစွာ စောင့်စားကြည့်ရှုခဲ့ကြသည်။

ထိုင်းဘုရင်မင်းမြတ်၏ ရုပ်ကလာပ်ကို ရှေးထုံးအစဉ်အလာနှင့်အညီ တော်ဝင်ဈာပန အခမ်းအနားကို ကျင်းပရန် လပေါင်းအတန်ကြာမျှ ပြင်ဆင်ဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

ဘုရင် ဘူမိဘောသည် သက်တော် (၈၈) နှစ်အရွယ်တွင် ကံတော်ကုန်ခဲ့သည်။ နှစ်ပေါင်း ၇၀ ကြာမျှ စိုးစံတော်မူခဲ့သော ဘုရင်ဘူမိဘော၏ နန်းမွေကို သားတော် အိမ်ရှေ့ မင်းသား မဟာဗာဂျီရာလောင်ကွန်းက ဆက်ခံမည်ဖြစ်သည်။

အောက်တိုဘာ ၁၄ ရက် နှောင်းပိုင်းတွင် ဘုရင် ဘူမိဘောအတွက် သရဏဂုံတင်သည့် အခမ်းအနားကို အိမ်ရှေ့မင်းသား ဗာဂျီရာလောင်ကွန်း ဦးဆောင် တက်ရောက်ခဲ့သည်။

**ရိုက်တာ။**

# ဂျပန်နှင့်ရုရှား မဟာဗျူဟာမြောက်အစည်းအဝေး နှစ်စဉ်ကျင်းပရန် သဘောတူ

**မော်စကို အောက်တိုဘာ ၁၄**

ဂျပန်နှင့်ရုရှား နှစ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားအရေးအပါအဝင် နိုင်ငံတကာအကျိုးစီးပွားဆိုင်ရာကိစ္စရပ်များညှိနှိုင်းဆွေးနွေးရန် မဟာဗျူဟာမြောက် အစည်းအဝေး နှစ်စဉ်ကျင်းပမည်ဟု ဒုတိယနိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးရှင်ဆူကီ ဆူဂီယာမာနှင့် ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဗလာဒီမာ တီတော့ဗ်တို့သည် အောက်တိုဘာ ၁၃ ရက်က မော်စကိုမြို့တွင် သုံးနာရီခွဲကြာ တွေ့ဆုံခဲ့ကြသည်။

ယခုအစည်းအဝေးသည် ၂၀၀၇ ခုနှစ်က ချမှတ်ထားခဲ့သည့် နှစ်နိုင်ငံဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအရေးကိစ္စရပ်များကို ဆွေးနွေးရန် မဟာဗျူဟာမြောက် လုပ်ငန်းမူဘောင်နှင့်အညီ ပထမဆုံးအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်သည်။

နျူကလီးယားဒုံးလက်နက် မကြာခဏ စမ်းသပ်နေသည့် မြောက်ကိုရီးယား နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်ချမှတ်ရေးတွင် ရုရှားနိုင်ငံ၏ပူးပေါင်းပါဝင်မှုကို ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက စတင်မေးမြန်းဆွေးနွေးခဲ့သည်။

အမေရိကန်၏ ဒုံးဖျက်လက်နက်စနစ် တောင်ကိုရီးယားနိုင်ငံတွင် တပ်ဖြန့်ထားမှုနှင့် ပတ်သက်ပြီး ရုရှားတို့၏ ဆန့်ကျင်မှုကို တိုကျိုဘက်က နားလည်ပေးနိုင်ရန် ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ မြောက်ကိုရီးယား အန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ဒုံးဖျက်လက်နက်တပ်ဖြန့်ထားမှုသည် ကြိုတင်ကာကွယ်မှုတစ်ခုဖြစ်သော်လည်း ရုရှားနိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်ကြောင်း ရုရှားတာဝန်ရှိသူများက ဆိုသည်။

ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆူဂီယာမာက အစည်းအဝေးတွင် နှစ်နိုင်ငံဆိုင်ရာကိစ္စရပ်များ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်းနှင့် ဒီဇင်ဘာလတွင် သမ္မတ ဗလာဒီမာပူတင်၏ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများကို နှစ်နိုင်ငံအနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း မီဒီယာသို့ ပြောကြား ခဲ့သည်။

တိုကျိုအနေဖြင့် နှစ်နိုင်ငံငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ်နှင့် မြောက်ပိုင်းဒေသနယ်မြေပိုင်ဆိုင်မှုများအရေးနှင့်စပ်လျဉ်းပြီး စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း လေ့လာစောင့်ကြည့်သူများကဆိုသည်။

အဆိုပါမြောက်ပိုင်းနယ်မြေများတွင် ဂျပန်ပိုင်ဆိုင်သည်ဟု အခိုင်အမာ ပြောထားသော ရုရှားထိန်းချုပ်လျက်ရှိသည့် ကျွန်းလေးကျွန်းပါဝင်သည်။ နှစ်နိုင်ငံ နယ်မြေပိုင်ဆိုင်ရေး အငြင်းပွားမှုက နှစ်နိုင်ငံငြိမ်းချမ်းရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးမှုကို အဟန့်အတားဖြစ်စေသည်။

**အင်န်အိတ်ချ်ကေ။**



# ဂူတာရက်စ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တရားဝင်ခန့်အပ်

**နယူးယောက် အောက်တိုဘာ ၁၄**

ကုလသမဂ္ဂအထွေထွေညီလာခံက ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယို ဂူတာရက်စ်အား ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်အဖြစ် တညီတညွတ်တည်း အတည်ပြု ခန့်အပ်လိုက်ပြီဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဂူတာရက်စ်ကို ကုလသမဂ္ဂ၏ ကိုးယောက်မြောက် အတွင်းရေးမှူးချုပ်သစ်အဖြစ် ထောက်ခံခဲ့ပြီးနောက် အောက်တိုဘာ ၁၃ ရက်တွင် တရားဝင်ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ဂူတာရက်စ်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မိမိသည် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ပဋိပက္ခဖြစ်ပွားရာနေရာများနှင့် ဒုက္ခသည်စခန်းများကို သွားရောက်ခဲ့ဖူးသူဖြစ်သည့်အတွက် ဆင်းရဲမွဲတေမှု အဆိုးရွားဆုံးခံစားနေရသူများကို ကိုယ်တိုင်မြင်တွေ့ခဲ့ရဖူးကြောင်း အထွေထွေညီလာခံမိန့်ခွန်းတွင် ပြောကြားသည်။ ဂူတာရက်စ်က ဆက်လက်၍ကမ္ဘာ့ရေးရာ ပြဿနာများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးရန်မှာ ၎င်း၏ အဓိကတာဝန်ဖြစ်သည်ဟု ပြောကြားသည်။

ယနေ့ကမ္ဘာကြီးတွင် ယုံကြည်မှုနည်းခြင်းနှင့် မသေချာမရေရာမှုများဖြင့် ရင်ဆိုင်နေရချိန်တွင် ကုလသမဂ္ဂအဖွဲ့ကြီးကို ထိန်းကျောင်းမောင်းနှင်ရန် ဂူတာရက်စ်သည် အကောင်းဆုံးရွေးချယ်မှုဖြစ်ကြောင်း လက်ရှိကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည့် ဘန်ကီမွန်းက ပြောကြားသည်။

ဘန်ကီမွန်းက ယခုနှစ်ကုန်တွင် တာဝန်မှအနားယူပြီးနောက် ဂူတာရက်စ်သည် ဇန်နဝါရီ ၁ ရက်တွင် ငါးနှစ်သက်တမ်းတာဝန်စတင်ထမ်းဆောင်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ နိုင်ငံများက ဂူတာရက်စ်အပေါ် မျှော်လင့်ချက်ကြီးမားလျက်ရှိသည်။ ကမ္ဘာကြီးရင်ဆိုင်နေရသည့် အရှေ့အလယ်ပိုင်းပြဿနာ၊ ဒုက္ခသည်များအရေးနှင့် ရာသီဥတုပြောင်းလဲလာမှုများအပါအဝင် စိန်ခေါ်မှုပေါင်းများစွာကို ဂူတာရက်စ် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းသွားမည်ကို စောင့်ကြည့်နေကြမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# တရုတ်သမ္မတ ရှီကျင့်ဖျင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိ

**ဒါကာ အောက်တိုဘာ ၁၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် အောက်တိုဘာ ၁၄ ရက်တွင် ရောက်ရှိလာကြောင်း၊ တရုတ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်ခြင်းမှာ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၁၉၇၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်။ ရှီသည် ဒုတိယသမ္မတတစ်ဦးအဖြစ် တာဝန်ယူချိန်အတွင်း ၂၀၁၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရောက်ရှိခဲ့ဖူးသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားနယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ဘင်္ဂလားဒေ့ရှ်သို့ တရုတ်သမ္မတ လာရောက်ခြင်းဖြစ်ကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။ **ဆင်ဟွာ။**

# မုန်တိုင်းဒဏ်သင့် ဟေတီပြည်သူတစ်သန်းကျော် စားနပ်ရိက္ခာနှင့် ဆေးဝါးအထောက်အပံ့ စောင့်မျှော်နေရ

**ပို့အော်ပရင့်စ် အောက်တိုဘာ ၁၄**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဟာရီကိန်းမုန်တိုင်း မက်သယူး တိုက်ခတ်ခဲ့ခြင်းကြောင့် ပျက်စီးခဲ့ရသော ဟေတီနိုင်ငံတွင်းရှိ ဒေသများ၌ ပုံမှန်အခြေအနေ ရောက်ရှိရန် စဉ်ဆက်မပြတ်လုပ်ဆောင်နေစဉ်အတွင်းမှာပင် ပြည်သူဦးရေ တစ်သန်းကျော်မှာ စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းအထောက်အပံ့များအား စောင့်မျှော်နေရကြောင်း ပီတီအိုင် သတင်းတွင် ဖော်ပြသည်။

ဟာရီကိန်းမုန်တိုင်း တိုက်ခတ်အပြီး ကိုးရက်ကြာအထိ မုန်တိုင်းဒဏ်သင့်ဒေသများသို့ အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အထောက်အပံ့ပေးရေးအဖွဲ့အစည်းများက ထောက်ပံ့ရေးပစ္စည်းများကို ပေးပို့လျက်ရှိနေသော်လည်း လမ်းများမှာ ဆိုးရွားစွာ ပျက်စီးနေခြင်းကြောင့် ထောက်ပံ့မှုလုပ်ငန်းများ နှောင့်နှေးနေကြောင်း အီးအက်ဖ်အီး သတင်းဌာနက ဖော်ပြသည်။

မက်သယူးအမည်ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဟေတီတွင် ၄၇၃ ဦး သေဆုံးပြီး ၃၃၉ ဦး ထိခိုက်ဒဏ်ရာရရှိကာ ၇၅ ဦး ပျောက်ဆုံးနေကြောင်း အရေးပေါ်လုပ်ငန်း စီမံခန့်ခွဲရေးဌာနက အောက်တိုဘာ ၁၁ ရက်တွင် နောက်ဆုံးထုတ်ပြန်သော ယာယီကိန်းဂဏန်းများ၌ ဖော်ပြသည်။

မုန်တိုင်းဒဏ်ကြောင့် လူ ၁၇၅၀၀၀ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်း ၂၂၄ ခုတွင် ခိုလှုံနေရသည်။

သို့သော် ကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားရာ၌ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၈၀၀ ကျော်ရှိသည်ဟု ဆိုသည်။ ကုလသမဂ္ဂအဖွဲ့က အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားချက်အရ သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်ဖွယ်ရှိသော်လည်း သေဆုံးသူဦးရေမှာ ၁၀၀၀ အထိ မြင့်တက်ခြင်း မရှိနိုင်ဟုဆိုသည်။

ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးဌာနရုံးမှ ထုတ်ပြန်ချက်အရ မက်သယူး ဟာရီကိန်းမုန်တိုင်းဒဏ်ခံရသော လူဦးရေမှာ ၂ ဒသမ ၁ သန်းရှိပြီး ကလေးဦးရေ ၅၉၂၅၈၁ ဦး အပါအဝင် လူပေါင်း ၁ ဒသမ ၄ သန်းမှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ လိုအပ်နေသည်ဟု ဆိုသည်။

**ပီတီအိုင်။**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော့ချီအား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသား လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **( သတင်းစဉ် )**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဆော့ချီအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ဘူးသီးတောင်၊ မောင်တောမြို့တို့တွင် နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြို့တို့တွင် နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအတွက် ရခိုင်ပြည်နယ်ပြည်တွင်းအခွန်ဦးစီးဌာနက အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက် ညနေ ၆ နာရီက ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (စစ်တွေ)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်ပြည်တွင်းအခွန် ဦးစီးဌာနမှူး ဦးသင်းထွန်းဟန်က ရဲမှူးချုပ် သူရစန်းလွင်နှင့် ယာယီဒုတိယဒေသကွပ်ကဲရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးရွှေတို့ထံ လှူဒါန်းပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပစ္စည်းနှင့် အလှူငွေများမှာ ပြည်နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းပြီး တန်ဖိုးငွေကျပ် ရှစ်သိန်းခန့်ရှိ စားသောက်ကုန် အာလူး၊ ငါးခြောက်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်ထုပ်၊ မုန့်ခြောက်ထုပ်၊ ကော်ဖီမစ်ထုပ်များ၊ ဓာတ်ဆားထုပ်များနှင့် ငွေကျပ် နှစ်သိန်းတို့ ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## 2600 MHz လှိုင်းနှုန်းစဉ်လေလံကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် 2600 MHz လှိုင်းနှုန်းစဉ်လေလံအား Auction Framework တွင် ဖော်ပြထားသည့်အတိုင်း အောက်တိုဘာ ၁၇ ရက်မှ စတင်၍ The Hotel Royal ACE (နေပြည်တော်)၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် Auction Result များအား အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အဘိုးအဘွားများအား အလှူငွေနှင့် တိုင်းရင်းဆေးဝါးများ လှူဒါန်း

**ဖျာပုံ အောက်တိုဘာ ၁၄**

အသက်(၈၀)နှင့်အထက် ဘိုးဘွားများအား အလှူငွေနှင့်တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု အဝပြန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြတ်စေတနာအောင် ဖောင်ဒေးရှင်းမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အဘိုး အဘွား ၂၃ဦးတို့အား တစ်ဦးလျှင် အလှူငွေကျပ် သုံးသောင်းနှင့် တိုင်းရင်းဆေးဝါးများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**



ရထားရဲတပ်ဖွဲ့ အမှတ်(၁၈)တပ်ခွဲ တောင်တွင်းကြီးတပ်ခွဲမှူး ရဲအုပ်စန်းထူးနိုင် ဦးစီး၍ တပ်စု(၁)တပ်စုမှူး ဒုရဲအုပ်ဇော်လွင်ဦးနှင့် တောင်တွင်းကြီးဘူတာ ရုံပိုင်(တာဝန်ခံ)တို့ အောက်တိုဘာ ၁၃ ရက်က တောင်တွင်းကြီးဘူတာ၌ ရထားစီးရန် စောင့်ဆိုင်းနေသာခရီးသည်များအား ရထားများဖြတ်သန်းမောင်းနှင်ရာတွင် ရထားနှင့် ကျွဲ၊ နွားများတိုက်မိမှုဖြစ်စဉ်များ ဖြစ်ပွားမှုလျော့နည်းကျဆင်းရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် ဟောပြောပွဲပြုလုပ်စဉ်။

**(ရထားရဲတပ်ဖွဲ့)**

# ပင်လယ်ဖျံငါးကောင် ဂျပန်နိုင်ငံမှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Sapporo Zoo တို့အကြား သဘောတူဆောင်ရွက်ခဲ့သည့် တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်အရ ပင်လယ်ဖျံအထီး သုံးကောင်နှင့် အမ နှစ်ကောင် စုစုပေါင်း ငါးကောင်သည် အောက်တိုဘာ ၁၃ ရက် ညနေပိုင်းတွင် ဂျပန်နိုင်ငံ နာရီတာလေဆိပ်မှ ဂျပန်လေကြောင်းလိုင်းဖြင့် သယ်ဆောင်လာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်သယ်ဆောင်ပြီးနောက် ယနေ့ နံနက် ၃နာရီတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ကောင်းမွန်စွာရောက်ရှိသည်။

ရောက်ရှိလာသော ပင်လယ်ဖျံများအား တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် အသင့်ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည့် အပူအအေးထိန်းညှိထားသည့် ပြကွက်တွင်ထားရှိကာ ဂရုစိုက် ထိန်းသိမ်းပြုစု စောင့်ရှောက်လျက်ရှိပြီး ပင်လယ်ဖျံများမှာ ပြကွက်အတွင်းရှိ ရေကူးကန်များအတွင်း ပျော်ရွှင်စွာရေကူးဆော့ကစားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပင်လယ်ဖျံများမှာ တောင်အမေရိကတိုက် ပင်လယ်ကမ်းခြေများတွင် နေထိုင်ကြသည့် မျိုးရင်းများဖြစ်ကာ အမွေးပါ ပင်လယ်ဖျံအမျိုးအစား (Fur Seal) များဖြစ်ကြောင်း သိရပြီး ပင်လယ်ဖျံများအား တိရစ္ဆာန်ထိန်းများနှင့် ရင်းနှီးယဉ်ပါးစေရန်နှင့် ပြကွက်များဖြင့် အများပြည်သူများကို ဖျော်ဖြေနိုင်ရန်တို့အတွက် ကျွမ်းကျင် ပညာရှင်များဖြင့် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန် ကိုယ်ယူ

**ထိုက်**

**တာဝန်ရှိသူဆိုတာ ဘယ်သူပါလိမ့်**

ဒီရက်ထဲမှာ ကျွန်မနေထိုင်ရာ ရေကျော်ကနေ ကျွန်မတို့ မွေးစကတည်းက နေထိုင်ခဲ့တဲ့ (၃၃)လမ်း အိမ်ကလေးကို နေ့တိုင်းနီးပါး ကျွန်မသွားဖြစ်နေပါတယ်။ အပြန်ခရီး အကြောင်းကို အရင်ပြောချင်ပါတယ်။ ကျွန်မပြန်တိုင်း ဗိုလ်ချုပ်လမ်းမကို အမြဲဖြတ်ရတဲ့အခါ အဲဒီလမ်း တစ်လျှောက်မှာ လမ်းဘေးက ဆိုင်တွေရဲ့ မီးရောင်ကလွဲလို့ လမ်းမီးဆိုတာ မရှိပါဘူး။ ပြန်ချိန်နောက်ကျလို့ ဆိုင်တွေ ပိတ်သွားတဲ့အချိန်ဆိုရင် ဘာမှမမြင်ရအောင် မှောင်အတိ ကျနေတဲ့ လမ်းမကြီးပါ။ ဟိုတစ်လောက ကြားလိုက်ရတဲ့ သတင်းတစ်ခုမှာတော့ ရန်ကုန်ဆေးရုံကြီးအနီးက ဗိုလ်ချုပ် လမ်းမပေါ်က မီးတိုင်တွေကို မီးလုံးလဲဖို့ လိုက်စစ်ဆေးတဲ့ အခါမှာ မီးကြိုးများ သွယ်တန်းထားမှု လုံးဝမရှိဘူးဆိုတာ တွေ့ခဲ့ရတယ်လို့ ဖတ်ရပါတယ်။ ဒါဆို ကျွန်မဖြတ်သန်း နေကျလမ်းမှာရော ဒီအတိုင်းပဲလား ကျွန်မမသိပါ။ ဒီလမ်းဆိုတာ ရန်ကုန်မြို့ရဲ့ အထင်ကရလမ်းမကြီးတွေထဲက တစ်ခုပါ။ အခုလို ဖြစ်နေတာတွေကို တာဝန်ရှိသူများ သိပါရဲ့လားလို့ ကျွန်မတွေးမိတယ်။ တာဝန်ရှိသူဆိုတာက ရော ဘယ်သူပါလိမ့်၊ သူ့ကိုယ်သူ ဘာတာဝန်ရှိတယ်ဆိုတာ သိပါရဲ့လားလို့လည်း ကျွန်မဆက်တွေးမိပါတယ်။

**မြို့တော်ခန်းမဘေးမှာ**

ကျွန်မရဲ့ မြို့ထဲအသွားခရီးကို ဆက်ပြောပါမယ်။ အနော်ရထာလမ်းမှာ အင်မတန် ကားကျပ်တာမို့ အဲဒီခရီး လေးကို နှစ်ထောင်၊ နှစ်ထောင့်ငါးရာ တောင်းကြပါတယ်။ အဲဒီဈေးနဲ့ လိုက်ရင်တောင် ကျေးဇူးပြန်တင်နေရပါ သေးတယ်။ (၃၃)လမ်းသွားမယ်၊ လမ်းထဲမဝင်ပါနဲ့၊ အနော်ရထာထိပ်မှာပဲ ရပ်ပေးပါလို့ တောင်းတောင်းပန်ပန် ငှားရင်တောင် မြို့ထဲကိုလိုက်ချင်တဲ့ တက္ကစီသမားအင်မတန် ရှားလှလို့ပါ။ ကျွန်မကတော့ နှစ်ထောင်ပေးရမယ့်အတူတူ အောက်လမ်းက မောင်းခိုင်းပြီးမှ ဆူးလေဘုရားကို ပတ်ခိုင်းပြီး မြို့တော်ခန်းမနောက်မှာ ဆင်းဖြစ်ပါတယ်။ အဲဒီမှာ မြို့တော်ခန်းမဘေးကပ်လျက် မဟာဗန္ဓုလပန်းခြံ လမ်းထဲက အနော်ရထာလမ်းပေါ်ကို တက်နိုင်ဖို့ စောင့် နေရတဲ့ ကားတန်းရှည်ကြီးတွေကိုတော့ အထူးအဆန်းလုပ် ပြောမနေတော့ပါဘူး။ ဒါပေမယ့် မြို့တော်ခန်းမဘေးမှာ နှစ်ထပ်၊ သုံးထပ် ရပ်ထားတဲ့ ကားတန်းရှည်ကြီးတွေကို နေ့တိုင်းတွေ့နေရပါတယ်။ စည်ပင်ကို လာတဲ့ကားတွေလို့ ပြောပါတယ်။ ကိုယ့်ကားရှေ့မှာ လာပိတ်ရပ်ထားတဲ့ ကားတွေ ဘယ်လိုထွက်လို့ရမယ်၊ ထွက်မရရင် ဘယ်လိုလုပ် ကြမယ်၊ မောင်းသူမရှိ၊ စက်ပိတ်ရပ်ထားကြတဲ့ကားတွေ ဘယ်လောက်ကြာကြာရပ်ထားမယ်ဆိုတာ အသေအချာ မသိပေမယ့် ဒီမြို့တော်ခန်းမထဲမှာ ကျွန်မတို့ မြို့တော်ဝန်ရဲ့ ရုံးခန်းရှိတာတော့ ကျွန်မသိပါတယ်။

**အားလုံး ပူးပေါင်းပါဝင်မှု မရှိကြလို့ပါတဲ့**

အခုလောလောလတ်လတ် အောက်တိုဘာ ၁၀ရက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးမှာ စည်ပင်သာယာရေးဌာနသည် ဖိလစ်ပိုင်သမ္မတ မဟုတ် သည့်အတွက် ကိစ္စအားလုံးကို စွမ်းဆောင်နိုင်ခြင်းမရှိ ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်ဆိုပြီး The Voice မှာ ဖတ်လိုက်ရပါတယ်။ ရန်ကုန်မြို့တော်အတွင်း ပလက်ဖောင်းများတွင် ဈေးသည် များ ပိတ်ဆို့ရောင်းချခြင်း၊ ယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်း တို့ကြောင့် ခရီးသွားပြည်သူများ သွားလာရခက်ခဲမှုများနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းရာ မှာ ယင်းကိစ္စရပ်များအားလုံးကို ဖြေရှင်းရန် စည်ပင် တစ်ခုတည်းမှာ အာဏာမရှိကြောင်း၊ အခြားဌာနများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး စည်ပင်တစ်ခုတည်း မတတ်နိုင်ကြောင်း သူကပြောသွား တာပါ။ လမ်းဘေးဈေးသည်များကို ပလက်ဖောင်းပေါ်မှ အရေးယူသော်လည်း တရားရုံးပို့ တရားစွဲဆိုရာတွင် တရားခံခေါ်ရန် ခက်ခဲနေကြောင်းလည်း ဆက်လက်ပြော ကြားသည်။ ဒီလိုဖြေကြားမှုနှင့်ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ် ဦးသော်တာအောင်က စည်ပင်သာယာ ဥပဒေတွင် ပါဝင်သည့်ပုဒ်မများသည် ရဲအရေးပိုင်ကြောင်း၊ “ဒီလို ဥပဒေချိုးဖောက်နေတာကို တစ်စုံတစ်ရာ စီမံ ဆောင်ရွက်ပေးဖို့ကို မေးခွန်းမေးရတာပါ”ဟု လွှတ်တော် တွင် ပြန်လှန်မေးခွန်းထုတ်ခဲ့သည်. . လို့ ဖတ်လိုက်ရပါတယ်။

**အဖြေမရှိတဲ့ ပြဿနာလား**

ဒီသတင်းအရဆိုရင် တရားရေးနယ်ပယ်ရော၊ အခြားဌာန တွေရော အားလုံးကပူးပေါင်းပါဝင်မှု မရှိကြဘူးဆိုတဲ့ သဘောလား၊ ပူးပေါင်းလာအောင် နည်းလမ်းမရှိဘူးလား။ ဒါဆို ဒီလိုပဲ ဆက်ဖြစ်နေတော့မှာလား။ ဘာလုပ်ကြမှာလဲ။ တစ်နိုင်ငံလုံး ပြဿနာတွေရှိနေတာ အားလုံးသိပြီးသားပါ။ ဖြေရှင်းဖို့ အချိန်ရောက်နေပါပြီ။ သူများကို လက်ညှိုးထိုး အပြစ်တင်နေတာတွေ ရပ်သင့်ပါပြီ။ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန် ကိုယ်ယူကြရအောင်ပါ။ လူတိုင်းမှာကိုယ်လုပ် နိုင်တဲ့ အတိုင်းအတာတစ်ခုအထိပဲ ရှိကြပါတယ်။ ကိုယ့် အဆင့်နဲ့ မလုပ်နိုင်ဘူးဆိုတာ သေချာရင် ကိုယ့်အထက်က လုပ်နိုင်မယ့်သူဆီက အကူအညီ၊ အကြံဉာဏ် တောင်းသင့် ရင် တောင်းရပါမယ်။ ရာထူးအနိမ့်အမြင့် အဆင့်ဆင့်ဆိုတာ အလကားထားတာ မဟုတ်ပါဘူး။ အထက်ရဲ့အထက်အထိ၊ အကြီးဆုံးဆိုတာအထိ တက်သင့်တဲ့ အခြေအနေဆိုရင် တက်ရပါမယ်။ အဲဒါကိုမှ မပြောရဲ မဆိုရဲဖြစ်နေတယ်ဆိုရင် တော့ အရင်တုန်းက အခြေအနေနဲ့ ဘာမှမထူးတော့ပါ ဘူး။

> **တစ်နိုင်ငံလုံး ပြဿနာတွေရှိနေတာ အားလုံးသိပြီးသားပါ။ ဖြေရှင်းဖို့အချိန် ရောက်နေပါပြီ။ သူများကို လက်ညှိုးထိုးအပြစ်တင်နေတာတွေ ရပ်သင့်ပါပြီ။ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ်ယူကြရအောင်ပါ။ လူတိုင်းမှာ ကိုယ်လုပ်နိုင်တဲ့ အတိုင်းအတာတစ်ခုအထိပဲရှိကြပါတယ်။ ကိုယ့်အဆင့်နဲ့ မလုပ်နိုင်ဘူးဆိုတာ သေချာရင် ကိုယ့်အထက်က လုပ်နိုင်မယ့်သူဆီက အကူ အညီ၊ အကြံဉာဏ်တောင်းသင့်ရင် တောင်းရပါမယ်။**

**ကိုယ့်အလုပ်တော့ ကိုယ်လုပ်တတ်ရမယ်**

ကျွန်မနဲ့ နီးစပ်တာတွေကို ဥပမာပေးချင်ပါတယ်။ ကျွန်မတို့ မေမေ့အိမ်မှာ ကားမောင်းဖို့ ခေါ်ထားတဲ့ ယာဉ်မောင်းကြီး တစ်ယောက်ရှိပါတယ်။ သူ့အသက်အရွယ်အနေနဲ့ရော၊ ကျင်လည်ခဲ့ရာ ပတ်ဝန်းကျင်ကြောင့် ထင်ပါရဲ့၊ တစ်နေရာ ကိုသွားမယ်ဆိုရင် မသိဘူးဆိုတာကများပါတယ် သူ့ကို ဆက်သွယ်ရလွယ်အောင် အလုပ်ချိန်မှာ ဖုန်းကလေး တစ်လုံး ပေးထားပေမယ့် မဆက်တတ်ဘူး၊ မသုံးတတ်ဘူးလို့ ပြောပါတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ သွားစရာ တစ်ခုခုရှိရင် သွားမယ့်လိပ်စာ၊ လမ်း စသဖြင့်ကို သူ့ကို ကြိုပြောထားပြီး ဘယ်လိုသွားလို့ရတယ်ဆိုတာ အရင် လေ့လာခိုင်းပါတယ်။ မသိရင် ဘေးပတ်ဝန်းကျင်ကသိတဲ့ သူတွေကို မေးပြီး သိအောင်လုပ်ခိုင်းပါတယ်။ ဖုန်းမဆက် တတ်ဘူးဆိုတာကိုလည်း သူမဖြစ်မနေ ဆက်ဖို့လိုတဲ့ နံပါတ်တွေကို သွင်းပေးထားပြီး အဲဒီနံပါတ်တွေကို နှိပ်တတ်အောင် သင်ပေးရပါတယ်။ သူက ကျွန်မတို့ဆီမှာ အလကား လခမယူဘဲ လုပ်ပေးနေတာမဟုတ်သလို ကျွန်မ တို့ကလည်း ကူညီထောက်ပံ့ရေး အသင်းထောင်ထားတာ မဟုတ်တဲ့အတွက် သူ့ရဲ့ဒီတာဝန်ကို သူလုပ်တတ်အောင်ကို လုပ်ရပါမယ်။

**receptionist က ဖုန်းဖြေရတာ စိတ်ဆိုးတယ်**

ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူ့အလုပ်အကိုင်က receptionist ပါ။ receptionist တစ်ယောက်ရဲ့ အလုပ်က ဘာလဲဆိုတာ သိတဲ့သူများ မှာပါ။ သူက လုပ်ဖော်ကိုင်ဖက်တွေနဲ့ စကားပြောနေတုန်း ဖုန်းလာရင် သိပ်စိတ်ဆိုးပါတယ်။ ဘယ်သူနဲ့မှ စကားပြော မနေလည်း ဖုန်းဖြေရတာများရင် ဖုန်းတွေကလည်း လာ လိုက်တာ ဖြေလို့ကို မပြီးတော့ဘူး စသဖြင့် မြည်တွန် တောက်တီးပြီး ဟိုဘက်ကဆက်မိတဲ့သူကပဲ အပြစ်တစ်ခု ကျူးလွန်သလို သူ့ကိုပဲ နှောင့်ယှက်နေသလို မကျေမနပ်ဖြစ် တတ်ပါတယ်။ ဒါပေမယ့် သူအဲဒီအလုပ်လုပ်နေတဲ့ အဖွဲ့ အစည်းကပေးတဲ့ လခကိုတော့ သူအင်မတန်မက်မောပါ တယ်။

**အိပ်ရာလိပ်နဲ့ လုံခြုံရေးအစောင့်**

ကျွန်မတို့ အိမ်အောက်ထပ်မှာ လုံခြုံရေးအစောင့် တစ်ယောက် ရှိပါတယ်။ ညဘက် ကျွန်မတို့ ပြန်တာ နောက်ကျလို့ ည ၁၀နာရီလောက်ဆိုရင် သူအိပ်နေပါပြီ။ မနက်ခင်း စောစော ၇ နာရီလောက်ထိ ကျွန်မတို့ အပြင် သွားတဲ့အချိန် သူကအိပ်နေတုန်းပါ။ လူတစ်ယောက် လိုအပ်တဲ့ ပုံမှန်အိပ်ချိန် ၈ နာရီထက်တောင် သူ့အိပ်ချိန်က ပိုပါသေးတယ်။ သူ့ခြင်ထောင်ကြိုးကို ချည်ထားတဲ့ သံတံခါးကို ကျွန်မတို့ အဖွင့်အပိတ်လုပ်နေတာ သူလုံးဝ မသိပါဘူး။ ဒါပေမယ့် လကုန်ရက်ကျရင်တော့ သူ့လခ ကို တောင်းဖို့အတွက် ကျွန်မတို့ အသွား၊ အပြန်ကိုစောင့် ပြီး မရရအောင်တောင်းဖို့ ဝီရိယတော့ ရှိပါတယ်။ ကျွန်မ စိတ်ထဲတော့ မြန်မာပြည်က လုံခြုံရေးဝန်ထမ်းဆိုတဲ့ အဓိပ္ပာယ်ကို စဉ်းစားမရနိုင်အောင်ပါပဲ။ security နဲ့ door man ကိုရော ကွဲပြားကြရဲ့လားလို့လည်း သံသယ ဝင်မိပါတယ်။

**တာဝန်ဝတ္တရားဆိုတာ သတ်မှတ်ပြီးသားပါ**

ကျွန်မက အလုပ်သမားဘဝနဲ့ နှစ်အကြာကြီး လုပ်ခဲ့တဲ့သူ တစ်ယောက်ပါ။ ဘယ်အလုပ်ရှင်မှ အလှကြည့်မနေသလို ကျွန်မတို့ဘက်ကလည်း ကိုယ်ယူထားတာ များရင်များ သလို တန်အောင်ပြန်လုပ်ပေးရတာပါပဲ။ အလုပ်၊ အဖွဲ့ အစည်း၊ ဌာန (အခေါ်အဝေါ်တွေသာပြောင်းသွားပါမယ်) တိုင်းမှာ အောက်ခြေကနေ အလယ်အလတ်၊ ထိပ်ဆုံးရာထူး စသဖြင့် ဝန်ထမ်းတွေရှိကြစမြဲပါ။ အဲဒီ ဝန်ထမ်းတိုင်းမှာ သူ့နေရာနဲ့ သူ့အဆင့်နဲ့ လုပ်ရမယ့် တာဝန်ဝတ္တရားတွေ ဆိုတာလည်း သတ်မှတ်ပြီးသား ရှိပါတယ်။ ဒါ့အပြင် ရာထူးတိုင်းမှာ အလုပ်ရှင်ကခိုင်းတဲ့ အခြားတာဝန်များ ကိုလည်း လိုအပ်လျှင် ထမ်းဆောင်ရမည် ဆိုတာတွေ တောင် ပါတတ်ပါတယ်။

**အချောင်စိတ်ဓာတ်**

လုပ်စရာ ဘာမှမရှိလို့ အဲဒီဝန်ထမ်း ငုတ်တုတ်ထိုင်နေတာ၊ ဖုန်းပြောနေတာဟာ သူ့ကို တာဝန်လုံလောက်အောင် ပေးစရာမရှိတဲ့ အလုပ်ရှင်အပြစ်ဖြစ်ပေမယ့် အလုပ်လုပ် စရာတွေရှိရက်နဲ့ မလုပ်ဘဲ နေရင်တော့ အလုပ်သမားရဲ့ အပြစ်ဖြစ်သွားပါပြီ။ ခုနက လုံခြုံရေး အစောင့်လို အိပ်ရာ စောင့်၊ ခြင်ထောင်အပြည့်နဲ့ လခအပြည့်ယူချင်တာမျိုး ကတော့ အချောင်စိတ်ဓာတ်လို့ ပြောရပါမယ်။

**မသိရင် သိအောင် သင်ရပါမယ်**

လူသားအားလုံးဟာ ဘယ်သူမှ မွေးကတည်းက အရာအားလုံး ကို သိနားလည်ပြီး မွေးလာတာ မဟုတ်ပါဘူး။ ကြီးပြင်း လာရင်းနဲ့ သင်ယူလေ့လာ တတ်မြောက်လာကြရတာပါ ပဲ။ အထူးသဖြင့်ကတော့ ရာထူးနေရာတစ်ခုကို ရောက်လာ ပြီဆိုရင် မသိဘူးဆိုတာ၊ မလုပ်တတ်ဘူးဆိုတာအထိ ခွင့်လွှတ် ပေးလို့ ရပါသေးတယ်။ ကိုယ်ကိုယ်တိုင် သိအောင် မလုပ် နိုင်ဘူးထားလိုက်ဦး၊ သိတဲ့သူများဆီက လေ့လာသင်ယူရပါ မယ်။ သိအောင်မလုပ်ချင်၊ မလုပ်ရင်တော့ အပြစ်ဖြစ်သွားပါ ပြီ။ အားလုံးကို သိဖို့လည်း မလိုပါဘူး။ ကိုယ်နဲ့ဆိုင်ရာ အပိုင်းကိုတော့ဖြင့် ကျွမ်းကျင်အောင်လုပ်ဖို့ လိုပါ တယ်။

**ဘာတွေလေ့လာပြီး ပြန်လာကြတာလဲ**

နေရာတစ်ခုမှာ ရာထူးတာဝန်ယူထားတဲ့သူတွေ နိုင်ငံခြား တိုင်းပြည်တွေကို လေ့လာရေးတွေ သွားကြ၊ ပြန်လာကြ တာတွေကို ဟိုအရင် မဆလ အစိုးရလက်ထက်ကနေ အခု အချိန်အထိ တွေ့နေ၊ သတင်းတွေ ဖတ်နေရပါတယ်။ သူတို့ ဘာတွေယူပြီး ပြန်လာပါလိမ့်လို့ ကျွန်မအမြဲစဉ်းစား မိပါတယ်။ တိုက်အမြင့်ကြီးတွေ၊ ဟိုတယ်ကြီးတွေ၊ ရထား၊ ကားလမ်းတွေကိုကြည့်ပြီး ပြန်လာရုံထက် အဲဒါတွေရဲ့ နောက်ကွယ်မှာ ဘယ်လိုစနစ်တွေနဲ့ လုပ်ဆောင်နေကြတယ် ဆိုတာကို ပိုလေ့လာသင့်ပါတယ်။ ကျွန်မလို သာမန် ပြည်သူတစ်ယောက်အမြင်ထက် အဲဒီတာဝန်ရှိသူတွေရဲ့ အမြင်က ပိုစူးရှဖို့ သင့်ပါတယ်။

**ဘာတွေလိုနေတယ်ဆိုတာ မသိဘူးလား**

ကျွန်မတို့နိုင်ငံမှာ နယ်ပယ်စုံမှာ ပြုပြင်စရာတွေ၊ လိုအပ်နေ တာတွေ၊ လုပ်စရာတွေ အများကြီး ရှိနေပါတယ်။ ကိုယ့် နိုင်ငံမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို နောက်လိုက် နောက်ပါ တစ်ပြုံကြီး စီတန်းပြီး လျှောက်ကြည့်မှ သိစရာ မလိုပါဘူး။ ရုပ်ဖျက်ပြီး လေ့လာနေစရာလည်း မလိုပါဘူး။ ပြည်သူတွေ ရွေးထားတဲ့ ပြည်သူထဲက ပြည်သူ့အစိုးရဆို ရင် သိပြီးသား ဖြစ်ရမှာပါ။ သိပါတယ်၊ သိသားပဲ ပြောနေ ရုံနဲ့လည်း မပြီးသေးပါဘူး။ လိုအပ်တာတွေ လုပ်ပေးဖို့ တာဝန်လည်း ရှိပါတယ်။ အစက ပြောခဲ့သလို လမ်းမပေါ် မှာ မီးကြိုးတောင်မရှိတဲ့ ကိစ္စမှာ တာဝန်ရှိရဲ့သားနဲ့ မလုပ်ခဲ့တဲ့သူက သူ့ရဲ့တာဝန်မကျေမှုအတွက် ဘယ်လို တုံ့ပြန်ပါသလဲ။ ဘယ်သူက တာဝန်ရှိပြီး အခုဘယ်လို အဆုံးသတ်သွားတယ်ဆိုတာ ကျွန်မတို့ မသိပါဘူး။ အဲဒီလို အဖြစ်တွေက မြန်မာပြည်မှာ အခုအချိန်အထိ ဖြစ်နေတာ ကတော့ ရင်နာစရာ ကောင်းလှတယ်။

**စကားနည်းနည်းပြော၊ အလုပ်များများလုပ်**

ကျွန်မနေထိုင်အလုပ်လုပ်ခဲ့ရာ စင်ကာပူနိုင်ငံကို သတိရတဲ့အခါ၊ အဲဒီက အစားအသောက်တွေကို စားချင် တဲ့အခါ ရန်ကုန်မှာ ဆိုင်ခွဲတွေ အများကြီး လာဖွင့်ထားတဲ့ စင်ကာပူကော်ဖီဆိုင် တစ်ဆိုင်ကို သွားထိုင်ဖြစ်ပါတယ်။ အခုတစ်ခေါက် သွားတဲ့အချိန်မှာ ဆိုင်းဘုတ် တစ်ခုပေါ်မှာ စာလုံးကြီးကြီးနဲ့ စကားနည်းနည်းပြော၊ အလုပ်များများလုပ် (talk less, work more) ဆိုပြီး မြန်မာလိုရော အင်္ဂလိပ် လိုပါ ထင်ထင်ရှားရှား ရေးထားတာကို တွေ့ခဲ့ရတယ်။ စင်ကာပူမှာ ကျွန်မနေခဲ့သမျှနှစ်တွေမှာ အဲဒီကဆိုင်တွေမှာ ဒီလို စာမျိုးရေးထားတာ တစ်ခါမှ မတွေ့ခဲ့မိဘူး။ ကိုယ့် နိုင်ငံမှာမှ တွေ့ရတော့ စိတ်မကောင်းဖြစ်မိသလို ကျွန်မတို့ အတွက် အချက်ပေးခေါင်းလောင်းသံတစ်ခုလို့လည်း မှတ်ယူမိပါတယ်။

**လက်ခုပ်ဆိုတာ တောင်းစရာမလိုပါ**

ဒါဟာ ဒီဆိုင်က ဝန်ထမ်းတွေအတွက်ပဲလို့ စဉ်းစား ရင်လည်းရသလို ဒီထက် အကျယ်ချဲ့ပြီး စဉ်းစားမယ်ဆိုရင် လည်း အများကြီး စဉ်းစားလို့ရပါတယ်။ စကားတွေ လှအောင် လူကြိုက်များအောင်ပြောပြီး ပရိသတ်ကြီး လက်ခုပ်သံလေးကြားချင်တယ်ဆိုတာ အဆိုတော်တွေ၊ ဖျော်ဖြေရေးသမားတွေ လုပ်ဖို့ထားလိုက်ပါလေ။ တကယ် လက်ခုပ်တီးဖို့ လိုအပ်လာရင် တောင်းစရာတောင် မလိုဘဲ ကျွန်မတို့ ပြည်သူတွေ လက်ဖဝါးတွေ နာတဲ့အထိ တီးပေး ကြမှာပါ။

# ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး အမေရိကန်သံရုံးမှ သဘောထားထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ယမန်နေ့က သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မကြာသေးမီကဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ နယ်ခြားစောင့်စခန်းများအား ဝင်ရောက်တိုက်ခိုက်မှုနှင့် နောက်ဆက်တွဲဖြစ်စဉ်များတွင် သေဆုံးမှုများကြားသိရသည့်အတွက် အမေရိကန်သံရုံးက များစွာစိုးရိမ်မကင်းဖြစ်မှုနှင့်အတူ ကျဆုံးကွယ်လွန်သွားခဲ့ကြသူများ၏ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ကျူးလွန်ခဲ့ကြသူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်မည့် စေ့စပ်သေချာ၍ ပွင့်လင်းမြင်သာမှုရှိသော စုံစမ်းစစ်ဆေးဖော်ထုတ်မှုတစ်ရပ်ကို မျှော်လင့်ပါကြောင်း၊ ဤဖြစ်စဉ်နှင့် ပတ်သက်၍ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရေး၊ ရရှိသောသတင်းရင်းမြစ်များကို သေချာစွာစိစစ်ရေး၊ အပြစ်မဲ့သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရေးနှင့် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးတို့အတွက် ပါဝင်ပတ်သက်သူများအားလုံးကို မေတ္တာရပ်ခံလိုပါကြောင်း။

ဤဖြစ်စဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်အတွင်း ပဋိပက္ခဖြစ်စေသော အခြေခံအကြောင်းအရင်းများကို ကိုင်တွယ်ဖြေရှင်းရန်အတွက်လည်းကောင်း အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အားပေးကူညီသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**



# နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သောအဖွဲ့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်သို့ လာရောက် လေ့လာကြသည်။

ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့အား မော်ကွန်းတိုက်မှူးက ရုပ်ရှင်ပြခန်း၌ မြန်မာ့တပ်မတော်သမိုင်းကြောင်း မှတ်တမ်းရုပ်ရှင်ကို ဦးစွာရှင်းလင်းပြသသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်မှူးရုံးအတွင်း ပြသထားသည့် ပြကွက်များအား ကြည့်ရှုလေ့လာကြရာ မော်ကွန်းတိုက်မှူးက လိုက်လံရှင်းလင်းပြသပြီးနောက် ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုးအား လက်ဆောင်ပစ္စည်း ပေးအပ်သည်။

**(မြဝတီ)**

**နိုင်ငံတော်အတွင်းမှ**

RCSS အဖွဲ့၏ ဆောင်ရွက်ချက်များ၊ "ဝ"အထူးဒေသ(၁)နှင့် အထူးဒေသ(၄) မိုင်းလားတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား တိုက်ပွဲဝင်အသင့် စွမ်းရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကိုလည်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**သွေးသည် အသက်**

# ဒုတိယကမ္ဘာစစ်အတွင်းကအသုံးပြုခဲ့သည့် သက်တမ်း(၇၂)နှစ်ရှိ စီ-၄၇လေယာဉ်၏နောက်ဆုံးခရီးစဉ်အဖြစ် မန္တလေးတံတားဦးလေဆိပ်သို့ဆိုက်ရောက်

**မန္တလေး အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော သမိုင်းဝင်လေယာဉ်ဖြစ်သည့် စီ-၄၇ လေယာဉ်၏ နောက်ဆုံးပျံသန်းသည့်ခရီးစဉ်အဖြစ် မန္တလေးမြို့ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အောက်တိုဘာ ၁၄ ရက် ညနေ ၃ နာရီတွင် ဆိုက်ရောက်ခဲ့ကြောင်းသိရသည်။



အဆိုပါလေယာဉ်မှာ ဩစတြေးလျနိုင်ငံမှ စတင်ထွက်ခွာခဲ့ပြီး အင်ဒိုနီးရှား၊ စင်ကာပူ၊ထိုင်းနိုင်ငံတို့ကို တစ်လခွဲအကြာဖြတ်သန်းခဲ့ပြီး ယခု တံတားဦးလေဆိပ်သို့ ရောက်ရှိကာ စုစုပေါင်းမောင်းနှင်ပျံသန်းချိန်မှာ နာရီ ၄၀ ရှိကြောင်း၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ နံနက်ပိုင်းက ထွက်ခွာခဲ့ပြီး လေယာဉ်နှင့်အတူ လေယာဉ်မှူးလေးဦး၊ စက်ပိုင်းဆိုင်ရာ ပညာရှင်တစ်ဦး စုစုပေါင်းငါးဦး လိုက်ပါလာကြောင်း လေယာဉ်မှူးတစ်ဦးဖြစ်သူ Mr.Tom Claytor က ပြောသည်။

"ဒီလေယာဉ်ရဲ့သက်တမ်းက ၇၂ နှစ်ရှိပါပြီ။ ဒီလေယာဉ်ကို တရုတ်ပြည် ကွေ့လင်ပြတိုက်မှာ ထားရှိမှာဖြစ်ပါတယ်။ ဒီလေယာဉ်ခရီးစဉ်နဲ့အတူ နိုင်ငံတော်တော်များများကို ပျံသန်းခဲ့ပါတယ်။ အခုမြန်မာပြည်ကို ပျံသန်းတာကလည်း မြန်မာ-အမေရိကန်ချစ်ကြည်ရေးကို ပြသတဲ့အနေနဲ့ပါ။ ပျံသန်းခဲ့တဲ့ခရီးစဉ်တစ်လျှောက်မှာ ဒေါ်လာတစ်သိန်းခွဲလောက်ကုန်ကျခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ပါဝင်ဆင်နွှဲခဲ့တဲ့ အသက် ၉၀ကျော်ရှိ လေသူရဲစစ်ပြန်ကြီး တစ်ဦးလိုက်ပါနိုင်ခြင်းမရှိဘဲ တရုတ်ပြည် ကွေ့လင်မှာ စောင့်ဆိုင်းနေပါတယ်။ ခက်ခက်ခဲခဲ မောင်းနှင်လာရပါတယ်။ ဒီရောက်တော့ မြန်မာ့တပ်မတော်(လေ)က နေရှားပါးတဲ့ လေယာဉ်ဆီကို အကူအညီပေးတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါလေယာဉ်မှာ ဒုတိယကမ္ဘာစစ်အတွင်းက အန္တရာယ်ကြီးစွာ မောင်းနှင်ပျံသန်းခဲ့ကြသော ကျားပျံများဟု လူသိများခဲ့ပြီး လေယာဉ်မှူးများ စစ်အတွင်းက စစ်အောင်နိုင်ရေးနှင့်ငြိမ်းချမ်းရေးတို့အတွက် ကြိုးစားအားထုတ်ရန် ဟမ့်တောင်ကုန်းတစ်လျှောက်လှုပ်ရှားသွားလာခဲ့ခြင်းဖြစ်ကြောင်း ဟမ့်တောင်ကုန်းခရီးစဉ်သည် ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်လေယာဉ်မှူးများ အသုံးပြုပျံသန်းမောင်းနှင်ခဲ့ရသည့် အန္တရာယ်အကြီးမားဆုံး လေကြောင်းခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ညနေ ၆ နာရီတွင် မန္တလေးမြို့ရှိ ဂျက်ဖာဆန်စင်တာ၌ လေယာဉ်နှင့်ပတ်သက်သည့်သမိုင်းကြောင်းနှင့် ခရီးစဉ်များအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးပြည်သူများအား နှုတ်ဆက်သည့် အနေဖြင့် တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြို့ပေါ် တစ်ပတ်ပျံဝဲကာ ဟမ့်တောင်ကုန်းတစ်လျှောက် ဖြတ်သန်းမောင်းနှင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့လင်မြို့ (Guilin)ရှိ ကျားပျံအမွေအနှစ် ပြတိုက်(Flying Tiger Heritage Museum)တွင် ထာဝရထားရှိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မောင်တောဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တည်ငြိမ်အေးချမ်းသည့်နေရာများသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထပ်မံပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများကြောင့် တောင်ပြိုဝဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် တောင်ပြိုဝဲကျေးရွာမှ တည်ငြိမ်အေးချမ်းသည့်နေရာများသို့ ထပ်မံပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ပို့ဆောင်ရာတွင် ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ INGO ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၁၅ ဦးကို စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များသို့ တပ်မတော်ရဟတ်ယာဉ် နှစ်စင်းဖြင့် လေးခေါက် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**အလေးချိန်မှ**

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသူက ပြောသည်။

ကျောက်စိမ်းတုံးကြီးတစ်ခုလုံး၏ အလေးချိန်မှာ တန်ချိန် ၂၁၀ ရှိကြောင်း၊ ကျောက်သားဖွဲ့စည်းပုံထဲတွင် အသင့်အတင့်ကောင်းမွန်သည့် အနေအထားရှိကြောင်း၊ လောလောဆယ်တွင် ကျောက်စိမ်းတုံးကြီးအား လုပ်ကွက်အတွင်း၌ထားရှိပြီး မည်မျှတန်ဖိုးရှိသည်ကို မသတ်မှတ်ရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-အောင်ကျော်မြင့်**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်** ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်သွားရမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးကဏ္ဍတွင် အင်အားတောင့်တင်းပြီး ကျစ်လျစ်ခိုင်မာသည့် အဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ မူဝါဒများအတိုင်း ပြည်သူလူထုအကျိုးစီးပွားများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် နိုင်ငံ၏တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။




မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၁၆) ဒုတိယနေ့ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ် ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံအတွက် စွန့်လွှတ်စွန့်စားလိုစိတ်အပြည့်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား စစ်သည်တော်ကောင်းများဖြင့် စနစ်တကျ စုဖွဲ့ထားခြင်းဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် အင်အားတောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတကာစစ်မှုထမ်းဟောင်းအဖွဲ့ (World Veterans Federation-WVF) ကို ၁၉၅၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး လက်ရှိအဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၁ နိုင်ငံနှင့် အဖွဲ့ဝင်ပေါင်း ၄၅ သန်းကျော်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ်စက်တင်ဘာလတွင် အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့သို့ဝင်ရောက်ခဲ့ပြီး အာဆီယံဒေသအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှုထမ်းဟောင်းရေးရာများအား အသိအမြင်ခြင်းဖလှယ်ခြင်းဖြင့် မိမိနိုင်ငံနှင့် ကိုက်ညီသည့်လုပ်ဆောင်မှုများကို အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရင်း တိုင်းပြည်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာဖြစ်သည့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအဖြစ် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့်လည်း အမျိုးသားနိုင်ငံရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားနိုင်ငံရေးခံယူချက်၊ ယုံကြည်ချက်ပြည့်ဝပြီး ကျစ်လျစ်ခိုင်မာစွာဖွဲ့စည်းထားသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် တပ်မတော်နှင့် ပြည်သူ၏ ဆက်စပ်မှုကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့်ဆက်စပ်မှုရရှိအောင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စစ်မှုထမ်းဟောင်းများနှင့်ပတ်သက်သည့် တပ်မတော်၏ လုပ်ဆောင်မှုများအနေဖြင့် အငြိမ်းစားတပ်မတော်သားမိသားစုဝင်များ အဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရေးအတွက် စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာများအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ ဟုမ္မလင်းတို့တွင် အဆောက်အအုံ ၁၀၁ လုံး ဆောက်လုပ်ပြီးစီး၍ ရန်ကုန်၊ မကွေး၊ ဖာပွန်၊ ထားဝယ်၊ မြိတ်၊ ခိုလမ်တို့တွင် အဆောက်အအုံအလုံး ၇၀ ဆက်လက်ဆောက်လုပ်နေကြောင်း၊ အငြိမ်းစား အသက် ၆၀ ကျော် စစ်သည်တော်ကြီးများနှင့် ဇနီးများ အေးချမ်းလုံခြုံစွာနေထိုင်နိုင်ရန် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအား နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ စေတနာရှင်အလှူရှင်များနှင့် တပ်မတော်တို့ ပူးပေါင်းတည်ဆောက်ခဲ့ကြောင်း၊ ယင်းဘိုးဘွားရိပ်သာ၌ အဘိုး ၁၈၀၊ အဘွား ၁၂၀၊ အဘိုးအဘွားစုံတွဲ ၅၆ စုံ နေထိုင်နိုင်သည့်အပြင် မသန်စွမ်းစစ်သည် မိသားစု ၇၂ စု ထားရှိနိုင်ကြောင်း၊ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် စစ်သည်များအတွက်လည်း ဘဝအာမခံချက်ရှိစေရန် တပ်မတော် အသက်မွေးမှုအတတ်ပညာသင်စခန်းများတွင် အသက်မွေးမှုအတတ်ပညာများ သင်ကြားပေးလျက်ရှိကြောင်း။

လက်ရှိလျှောက်လှမ်းနေသည့် ဒီမိုကရေစီစနစ်ပိုမိုခိုင်မာစေရန်အတွက် အစိုးရနှင့်ပူးပေါင်းပြီး လက်တွေ့လုပ်ဆောင်ကြမည့် နိုင်ငံရေးပါတီမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်ကြမည့် လွတ်လပ်သောအဖွဲ့အစည်းများ လိုအပ်ကြောင်း၊ ယင်းအဖွဲ့များ၏ မောင်းနှင်အားဖြင့် ဒီမိုကရေစီစနစ်ကို ပိုမိုခိုင်မာစေနိုင် သကဲ့သို့ အစိုးရ၏ယန္တရားများကိုလည်း ပိုမိုအားကောင်းစေမှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ကိုယ်ပိုင်စွမ်းရည်၊ ကိုယ်ပိုင်ဂုဏ်ဒြပ်များဖြင့် ခိုင်ခိုင်မာမာရပ်တည်နိုင်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ယခု ညီလာခံမှ စတင်ပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အား ပိုမိုလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်၍ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ မိမိအဖွဲ့အစည်း၏ စွမ်းရည်တိုးတက်မြင့်မားရေး ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပြီး တပ်မတော်နှင့်ပြည်သူအကြား ပိုမိုခိုင်မြဲသည့် ဆက်စပ်မှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။


ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း(အငြိမ်းစား)က အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၈၁၀၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် မသန်စွမ်းအမျိုးအစားအလိုက် ချီးမြှင့်ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၁၈၁၅ သိန်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများဖြစ်ကြသည့် တပ်မတော်ဆိုင်ရာတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသူများအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၄၁၄၀၀၀၀ တို့ကို ပေးအပ်ရာ ညီလာခံကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယကအဖွဲ့ဝင်များ၊ ညီလာခံသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၆)သို့ တက်ရောက်လာကြသူများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က ဂုဏ်ပြုတေးသီချင်းများ၊ အဆို၊ အကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ မောင်တောဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်



**နေပြည်တော် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုများကြောင့် တောင်ပြိုဝဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် တောင်ပြိုဝဲကျေးရွာမှ တည်ငြိမ်အေးချမ်းသည့် နေရာများသို့ ထပ်မံပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ပို့ဆောင်ရာတွင် ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ INGO ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၁၅ ဦးကို စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များသို့ တပ်မတော်ရဟတ်ယာဉ် နှစ်စင်းဖြင့် လေးခေါက်ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘီစကွတ် ၉၅ ဖာ၊ စည်သွပ်ဘူး ၅၄ ဖာ၊ အချိုရည်ကတ် ၃၀၀ နှင့် မာမီးခေါက်ဆွဲ ၅၀၄ ဖာအား ယမန်နေ့နံနက် ၉ နာရီ ၂၅ မိနစ်တွင် တပ်မတော်(လေ)လေယာဉ်ဖြင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ စစ်တွေမြို့သို့ ပို့ဆောင်ပေးရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် စစ်တွေမြို့သို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာသို့ တပ်မတော်ရဟတ်ယာဉ်နှစ်စင်းဖြင့် နှစ်ခေါက် ပို့ဆောင်ပေးခဲ့သည်။**(ဝဲပုံ)** အဆိုပါ စားသောက်ဖွယ်ရာများအား တပ်မတော် စစ်ကြောင်းများမှ တာဝန်ရှိသူများက ဒေသခံပြည်သူများထံ ဆက်လက် ပေးအပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## အနောက်တောင် မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၄**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင် မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

## ပြည်တွင်းရေးရာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဦးသိန်းဆွေတို့ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

ကောလာဟလသတင်းများကို အမှန်မယူဘဲ နိုင်ငံတော်ကထုတ်ပြန်သော သတင်းများကိုသာ ယုံကြည်စေလိုပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် လူမှုကွန်ရက်အဖွဲ့အစည်းများကလည်း ပြည်သူများ၏ စိုးရိမ်ထိတ်လန့်မှုများကို ဖြေလျှော့ပေးစေလိုပါကြောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

ထို့နောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီပြည်နယ်ဥက္ကဋ္ဌ ဦးစောရွှေနှင့် ရဲဘော်စံလှမောင်တို့က မောင်တောကမ်းခြေတစ်လျှောက် လုံခြုံရေးကို ပိုက်စိပ်တိုက်ဆောင်ရွက်ရေး၊ လက်ရှိအချိန်ထိ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်မှုများကို ထောက်ခံကြောင်း၊ မိမိတို့ပါတီက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစည်းတလုံးတည်း ပူးပေါင်းဆောင်ရွက်လျှင် အောင်မြင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးသည်။



ဦးစောရွှေ



ဒေါက်တာစန်းရွှေ



ဦးထွန်းအောင်ကျော်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီပြည်နယ်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက မိမိတို့ပါတီက မောင်တောဒေသရှိ တိုင်းရင်းသားများအား စားနပ်ရိက္ခာကူညီထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း လိုက်ပါဆောင်ရွက်လိုမှု၊ အမျိုးသားရေးအသွင်ဖြစ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တွင် အမျိုးသားရေးသတိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်သွားရန် အကြံပြုလိုကြောင်း ဆွေးနွေးသည်။

ရခိုင်မျိုးချစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ထွန်းက နိုင်ငံသားဖြစ်မှုသည် အလွန်အရေးကြီးကြောင်း၊ ၂၀၁၂ ခုနှစ်ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဖွဲ့စည်းသည့်ကော်မရှင်က အကြံပြုချက် ၁၂၀ ကျော်ရှိခဲ့သော်လည်း အကောင်အထည်ဖော်မှု အားနည်းနေကြောင်း၊ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးသည်။

ရခိုင်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော်က ဤကိစ္စသည် ပြည်ထောင်စု၏အရေး၊ အမျိုးသားရေးလုံခြုံမှု၊ ရခိုင်ပြည်နယ်၏တည်ငြိမ်မှုအတွက် အရေးကြီးသဖြင့် အတူလက်တွဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ ၁၉၈၂ ခုနှစ် ဥပဒေအတိုင်း အမြန်စိစစ်ဆောင်ရွက်ပြီး ၎င်းတို့အား မိမိတို့ပြည်နယ်တစ်ခုတည်းတွင်သာ ပိတ်မိမနေစေဘဲ နိုင်ငံတစ်ဝန်း လွတ်လပ်စွာ သွားလာခွင့်ပြုစေလိုကြောင်း ဆွေးနွေးသည်။

စစ်တွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းကျော်က ကျူးလွန်သူများအား နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးသူများဘေးမှ ကာကွယ်ရေးဥပဒေဖြင့် အရေးယူသင့်ကြောင်း၊ ကောလာဟလကို ထိန်းချုပ်ဆောင်ရွက်ရန်နှင့် လုပ်ဆောင်သူများအား ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်း ဆွေးနွေးသည်။

### ပြတ်ပြတ်သားသားဆောင်ရွက်စေလို

ဆက်လက်၍ စစ်တွေမြို့ လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုကော်မတီ နာယကအဖွဲ့ဝင်များဖြစ်သော ဦးသာပွင့်၊ ဦးသန်းထွန်း၊ ဦးခင်မောင်ကြီး၊ ဦးပြည်သိမ်းတို့က ၎င်းတို့အား ဥပဒေနှင့်အညီအရေးယူမှု ပြုထိုက်၊ မထိုက်၊ ယခုထက် ပိုမိုပြီး ပြတ်ပြတ်သားသား ဆောင်ရွက်စေလိုမှု၊ မောင်တောဒေသတွင် နေထိုင်သည့် တိုင်းရင်းသားများ နေပျော်ရေးအတွက် စီမံဆောင်ရွက်ပေးစေလိုမှု၊ လတ်တလောဖြေရှင်းရုံဖြင့် မလုံလောက်မှု၊ မဟာဗျူဟာမြောက်ဖြေရှင်းစေလိုမှု၊ ရခိုင်တိုင်းရင်းသားများ၏ အရေးကိစ္စများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ မိမိတို့ဒေသအဖွဲ့အစည်းများကို ပါဝင်ခွင့်ပေးစေလိုမှုနှင့် နယ်စပ်လုံခြုံရေး လုံအောင်ကာရံပေးရန် တိုက်တွန်းကြောင်း ဆွေးနွေးသည်။



ဦးသာပွင့်



ဦးခင်မောင်ကြီး



ဦးစိုးနိုင်

### လူမှုအဖွဲ့အစည်းများမြှင့်တင်

စစ်တွေမြို့ လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုကော်မတီဝင် ဦးစိုးနိုင်က မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရေး၊ လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ရခိုင်အမျိုးသမီးကွန်ရက်မှ ဒေါ်ညိုအေးက ရခိုင်ပြည်သူလူထုကို အစိုးရအဖွဲ့၊ တပ်မတော်တို့က သေချာစောင့်ရှောက်ပေးစေလိုမှုကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒေါက်တာဖေမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

✱ သတင်းလောကမှ

ပတ်သက်သည့် အမြင့်ဆုံးဆုတံဆိပ်ကို ပထမဦးဆုံး ဆွတ်ခူးနိုင်သူလည်း ဖြစ်လာခဲ့သည်။



**ပူလစ်ဇာဆုတံဆိပ်နှင့် အက်စတာထုဆန်။**

*(ဓာတ်ပုံ-အက်စတာထုဆန် ဖေ့စ်ဘွတ်)*

ပူလစ်ဇာဆုကို ဟန်ဂေရီနွယ်ဖွား အမေရိကန်နိုင်ငံသား ဂျိုးဇက် ပူလစ်ဇာ၏ဆန္ဒအရ ၁၉၁၇ ခုနှစ်တွင် စတင်တည်ထောင်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုအတွင်းရှိ သတင်းစာ၊ မဂ္ဂဇင်း၊ အွန်လိုင်းဂျာနယ်လစ်ဇင်၊ စာပေနှင့် သီချင်းစာသား သီကုံးစပ်ဆိုမှုနယ်ပယ်အတွင်းရှိ ထူးချွန်သူများကို ပေးအပ်လေ့ရှိသည့် ဆုအမျိုးအစားဖြစ်သည်။ ဂျိုးဇက်ပူလစ်ဇာမှာ သတင်းစာထုတ်ဝေသူတစ်ဦးဖြစ်ကာ သူ၏ဘဝတစ်လျှောက်လုံးကို သတင်းစာလောက ဖွံ့ဖြိုးရေးအတွက်သာ မြှုပ်နှံခဲ့သူဖြစ်သည်။

ဆုရွေးချယ်ချီးမြှင့်မှုလုပ်ငန်းစဉ်ကို အမေရိကန် ကိုလံဘီယာတက္ကသိုလ်က ဦးစီးဦးဆောင်ပြုလုပ်ကာ နှစ်စဉ်နှစ်တိုင်း ဆုအမျိုးအစားပေါင်း ၂၁ ခုကို ပေးအပ်လေ့ရှိသည်။ အခြားဆုအမျိုးအစားများအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပေးအပ်ချီးမြှင့်သော်လည်း အများပြည်သူအကျိုးစီးပွား သတင်းအတတ်ပညာ (public service journalism) ဆုအတွက်မူ ရွှေတံဆိပ်ဆုကို ပေးအပ်ခြင်းဖြစ်ပြီး ယခု ကချင်တိုင်းရင်းသူ အက်စတာထုဆန်မှာ အမြင့်ဆုံးသော ပူလစ်ဇာဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

**(မေလှဲ့သင်း)**

■

## အောက်တိုဘာ ၁၄ ရက် FMI နှင့် မြန်မာသီလဝါကုမ္ပဏီ၏ အစုရှယ်ယာဈေး ကျပ် ၁၀၀၀ ခန့်စီမြင့်တက်

**ရန်ကုန် အောက်တိုဘာ ၁၄**

အောက်တိုဘာ ၁၄ ရက် ရန်ကုန်စတော့အိတ်ချိန်း၏ ဈေးကွက်တွင် FMIနှင့် မြန်မာသီလဝါအများပိုင်ကုမ္ပဏီတို့၏ စတော့ရှယ်ယာဈေးနှုန်းမှာ ယခင်ရက်ထက် ကျပ် ၁၀၀၀ စီ မြင့်တက်ခဲ့ကြောင်း စတော့အိတ်ချိန်းမှ သိရသည်။

စတော့အိတ်ချိန်း ဈေးကွက်စဖွင့်ချိန်တွင် FMI ကုမ္ပဏီ၏အစုရှယ်ယာ တစ်စုချင်းဈေးမှာ ကျပ် ၁၇၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး မြန်မာသီလဝါကုမ္ပဏီမှာ ကျပ် ၄၈၀၀၀ ဖြင့် ဈေးဖွင့်ခဲ့သည်။ မြန်မာနိုင်ငံသားများဘဏ်အစုရှယ်ယာမှာ ကျပ် ၈၈၀၀ ဖြင့် ဈေးဖွင့်ခဲ့သည်။ အောက်တိုဘာ ၁၃ ရက်ကမူ FMI ကုမ္ပဏီ၏ အစုရှယ်ယာမှာ ကျပ် ၁၆၅၀၀ ဖြစ်ပြီး မြန်မာသီလဝါကုမ္ပဏီမှာ ကျပ် ၄၇၀၀၀ ဖြစ်သည်။ မြန်မာနိုင်ငံသားများဘဏ်မှာ ကျပ် ၈၅၀၀ ဖြစ်ကြောင်း သိရသည်။ သို့သော် အောက်တိုဘာ ၁၁ ရက် ဈေးကွက်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းတွင် FMI ကုမ္ပဏီ၏ အစုရှယ်ယာမှာ ကျပ် ၁၆၀၀၀ ဖြစ်ပြီး မြန်မာသီလဝါကုမ္ပဏီမှာ ကျပ် ၄၆၀၀၀ ဖြစ်သည်။ မြန်မာနိုင်ငံသားများ ဘဏ်မှာ ကျပ် ၈၄၀၀ ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက်၏ တစ်နေ့တာ ရှယ်ယာအရောင်းအဝယ်ပမာဏမှာ FMI ကုမ္ပဏီမှ ၂၁၄၃၊ မြန်မာသီလဝါကုမ္ပဏီမှ ၁၀၃၆၊ မြန်မာနိုင်ငံသားများဘဏ်မှ ၁၂၇ ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း အချက်အလက်များအရ သိရသည်။ ယင်းနေ့နိုင်ငံခြားငွေ လဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁၂၆၅ ကျပ်(ဝယ်)၊ ၁၂၇၀ ကျပ်(ရောင်း) ပြင်ပဈေးကွက် ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

**(၀၀၁)**

■

### ပြင်ဆင်ဖတ်ရှုပါရန်

ကြေးမုံသတင်းစာ၏ အောက်တိုဘာ ၁၂ ရက်ထုတ် စာမျက်နှာ ၉၊ ကော်လံ(၁)ပါ ရခိုင်မျိုးချစ်ပါတီ ပြည်နယ်အထွေထွေအတွင်းရေးမှူး ဦးမောင်သန်း(အစား) ရခိုင်မျိုးချစ်ပါတီအထွေထွေအတွင်းရေးမှူး ဦးခင်မောင်ထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်းအဖွဲ့(သတင်းစဉ်)**

# ပြည်သူတွေငြိမ်းချမ်းစွာနေထိုင်နိုင်ဖို့ ဝန်ထမ်းတွေ စိတ်ချလက်ချအလုပ်လုပ်နိုင်ဖို့ အရေးပါတဲ့နေရာတွေမှာ ပြည့်ပြည့်ဝဝဆောင်ရွက်နေ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

**ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်မြို့တို့မှ ဆရာတော်ကြီးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစ္စလာမ်ဘာသာဝင်များ၊ စစ်တွေမြို့နယ်ရှိ နိုင်ငံရေးပါတီများနှင့် လူမှုကွန်ရက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။**


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု


ဦးသန်းရွှေ


ဦးအောင်ပန်းသာ


ဦးတင်မောင်


ကိုကျော်ကျော်ဦး


ဦးဇော်ဝင်း

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု**

ပြီးခဲ့တဲ့ ဖြစ်သွားတဲ့ညမှာတော့ လုံခြုံရေးဆောင်ရွက်တဲ့ တာဝန်ယူတဲ့သူတွေအနေနဲ့ လုံခြုံရေးဆောင်ရွက်တဲ့အပေါ်မှာ အားနည်းချက်ရှိကောင်းရှိနိုင်တယ်။ ဒီအပေါ်မှာ တစ်ဖက်က အခွင့်ကောင်းယူပြီးတော့ လုံခြုံရေးကို ချိုးဖောက်လိုက်တဲ့ အနေအထားမျိုးဖြစ်သွားတယ်။ လက်ရှိအနေအထားမှာတော့ လုံခြုံရေးကို တတ်နိုင်သလောက် ပြည့်ပြည့်စုံစုံလုပ်ထားနိုင်တဲ့အနေအထားရှိပါတယ်။ နယ်ခြားဒေသဖြစ်တဲ့အတွက် လုံခြုံရေးကို ပြည့်ပြည့်ဝဝလုပ်ထားပြီးဖြစ်တဲ့အတွက် ချက်ချင်းတုံ့ပြန်မှုတွေလုပ်ပြီး လုံခြုံရေးကိုပြန်လည်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုဖြစ်ပျက်သွားတဲ့အပေါ်မှာ ပြည်သူတွေအနေနဲ့ စိုးရိမ်ကြောင့်ကြမှု တော်တော်များများဖြစ်သွားတယ်။ အဲဒီနေရာတင်မဟုတ်ဘူး၊ ပြည်နယ်အနေအထားနဲ့ပါ စိုးရိမ်မှုတွေဖြစ်လာတယ်ဆိုပေမယ့် ကျွန်တော်တို့အနေနဲ့ ဖြစ်ပွားပြီးနောက်ပိုင်းမှာ လုံခြုံရေးကို နယ်စပ်မှာရော၊ အခြားမြို့နယ်တွေမှာပါ ဦးစားပေးဆောင်ရွက်နေတာဖြစ်တယ်။ ပြည်နယ်အစိုးရတင်မကဘူး။ ပြည်ထောင်စုအစိုးရ ကပါ ဆောင်ရွက်ထားတယ်။ လုံခြုံရေးဆောင်ရွက်တဲ့အခါမှာလည်း တပ်မတော်၊ ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေး၊ ဌာနဆိုင်ရာတွေပေါင်းစပ်ပြီး ဆောင်ရွက်နေတယ်။ လိုအပ်တဲ့နေရာတွေမှာလည်း လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနေတာတွေရှိတယ်။ ပြည်သူတွေ ငြိမ်းချမ်းစွာနေထိုင်နိုင်ဖို့၊ ဝန်ထမ်းတွေစိတ်ချလက်ချ အလုပ်လုပ်နိုင်ဖို့ အရေးပါတဲ့နေရာတွေမှာ ပြည့်ပြည့်ဝဝဆောင်ရွက်နေတယ်။ ပြည်နယ်ဖွံ့ဖြိုးရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဦးသန်းရွှေ(မြို့မိမြို့ဖ၊ စစ်တွေမြို့)**

မောင်တောဘက်မှာ ရခိုင်တိုင်းရင်းသားဒေသခံ လူဦးရေက တော်တော်နည်းတယ်။ အကြမ်းဖက်မှုတွေကြောင့် တောင်ယာလုပ်တဲ့ ဒေသခံတွေလည်း မလုပ်နိုင်တဲ့ အခြေအနေရောက်နေတယ်။ အခုအကြမ်းဖက်မှုကြောင့် ဒေသခံတွေအနေနဲ့ မလုံခြုံတော့ဘူးလို့ ခံစားလာရတယ်။ အခု အကြမ်းဖက်မှုမှာ အစိုးရကတော့ ဥပဒေနဲ့အညီ ဆုံးဖြတ်မယ်လို့သိရတယ်။ဒါလည်း သဘာဝကျပါတယ်။ ရခိုင်မှာက ယုံကြည်မှုက အဓိကလိုအပ်နေတယ်။ ယုံကြည်မှုမရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး။ အခုဖြစ်စဉ်က မောင်တောဘက်မှာနေတဲ့ ကိုယ့်တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေအတွက်တော့ စိုးရိမ်တယ်။ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံး၊ ဒဏ်ရာရသွားတဲ့သူတွေအတွက်လည်း ထိုက်ထိုက်တန်တန်လေး လုပ်ပေးစေချင်တယ်။ ဒါမှ မောင်တောလို နေရာမျိုးတွေမှာ တာဝန်ထမ်းဆောင်ချင်တဲ့ ဝန်ထမ်းကောင်းတွေ ပေါ်လာမှာပေါ့။ အကြမ်းဖက်သူတွေနဲ့ပတ်သက်ပြီး တရားစီရင်တဲ့အခါမှ ပြည်သူကို ပွင့်ပွင့်လင်းလင်း ချပြစေချင်တယ်။

**ဦးသာထွန်းလှ (ဗဟိုအလုပ်အမှုဆောင်၊ ရခိုင်အမျိုးသားပါတီ)**

မောင်တောခရိုင်မှာ အကြမ်းဖက်မှုက ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားတယ်လို့မြင်တယ်။ပြည်ထောင်စုအစိုးရက အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ကြောင်း ရှင်းပြပေမယ့် ကိုယ်တိုင်မမြင်ရတဲ့အတွက် ကျေနပ်မှုရှိတယ်၊ မရှိဘူးဆိုတာ ပြောလို့မရသေးဘူး။

**ဦးအောင်ပန်းသာ(ပြည်နယ်အလုပ်အမှုဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

အခုဖြစ်သွားတဲ့ အကြမ်းဖက်မှုအပေါ် နှစ်ပိုင်းမြင်တယ်။ တစ်ဖက်က လုံခြုံရေးလျော့ရဲတာတစ်မျိုး၊ နောက်တစ်ခုက အကြမ်းဖက်တဲ့သူတွေမှာ အကြံအစည်တွေရှိတယ်။ အခုဖြစ်တာက ရိုးရိုးတန်းတန်းမဟုတ်ဘူး။ အစီအစဉ်ရှိရှိလုပ်သွားတာ။ ဆုံးရှုံးသွားတဲ့လက်နက်တွေ ပြန်ရအောင်လုပ်ရမယ်။ လုံခြုံရေးကို စနစ်တကျလုပ်မှသာ ပြည်သူတွေကြောက်လန့်မှု၊ စိုးရိမ်ထိတ်လန့်မှုကနေ ပြေပျောက်နိုင်မှာဖြစ်တယ်။ ပထမဆုံး လုံခြုံရေးကိုလုပ်ရမယ်။ နှစ်ဖက်လူ့အဖွဲ့အစည်းကိုလည်း အစွန်းမလွတ်အောင် အစိုးရအနေနဲ့ ကိုင်တွယ်ရမယ်။

**ဦးရွှေလှ(အောင်မင်္ဂလာရပ်ကွက်၊ စစ်တွေမြို့)**

အခုအကြမ်းဖက်မှုဖြစ်စဉ်အပေါ်မှာ လုံးဝလက်မခံနိုင်ပါဘူး။ ရဲတပ်ဖွဲ့ဆိုတာ ကျွန်တော်တို့ကို စောင့်ရှောက်နေတဲ့အဖွဲ့အစည်းဖြစ်တယ်။ အခုလုပ်ရပ်ကို ကန့်ကွက်တယ်။ အကြမ်းဖက်တဲ့သူတွေကို ထိရောက်စွာ အရေးယူပေးစေချင်တယ်။ မောင်တောက ကျွန်တော်တို့နဲ့ဝေးတော့ အကြမ်းဖက်တဲ့သူတွေက အခြားအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှု ရှိ၊ မရှိ မသိနိုင်ဘူး။ အောင်မင်္ဂလာရပ်ကွက်မှာတော့ လူစိမ်းအဝင်အထွက် လုံးဝမရှိဘူး။ လူစိမ်းလည်းလက်မခံဘူး။ သက်ဆိုင်ရာကိုလည်း ကတိပေးထားတယ်။

**ဦးတင်မောင် (ဥဒေါင်းကျေးရွာ၊ မောင်တော)**

ဒီဖြစ်စဉ်ကြောင့် မိသားစုတွေ အပြင်မထွက်ရဲဘူး။ အလုပ်အကိုင်တွေပျက်ရတယ်။ စားဖို့လည်းအခက်အခဲရှိတယ်။ အခြေအနေတွေက ပေါက်ကွဲနိုင်တဲ့ သဘောမှာရှိတယ်။ မောင်တောမြို့နယ်မှာက တိုင်းရင်းသားလူဦးရေက ဘာမှမရှိဘူး။ လုံခြုံရေးကို အပြည့်အဝပေးစေချင်တယ်။ ဒါမှ အေးချမ်းစွာနေလို့ရမှာပါ။

**ကိုမင်းမင်း (မောင်တောမြို့ဒေသခံ)**

အကြမ်းဖက်မှုဖြစ်ပြီး မောင်တောမြို့ရဲ့အခြေအနေက စိုးရိမ်ရတဲ့အခြေအနေ ရောက်နေတယ်။ ကြားရမြင်ရတာတွေက စိုးရိမ်နေရတယ်။ မောင်တောမြို့မှာက အခုရက်ပိုင်းမှာ တိုင်းရင်းသားဈေးဆိုင်ခန်းတွေပဲ မနက်ပိုင်းဖွင့်ကြတယ်။ စာသင်ကျောင်းတွေက ပြဿနာဖြစ်တဲ့နေ့ကစပြီး ပိတ်ထားတယ်။ ဆရာ ဆရာမတွေကတော့ သူတို့ ဒေသကိုပြန်ရောက်သွားတဲ့ သူတွေလည်း ရှိတယ်။ ကျန်နေသေးတဲ့ ဆရာ ဆရာမတွေလည်း ရှိနေသေးတယ်လို့ သိရတယ်။ အစိုးရကတော့ အကြမ်းဖက်မှု ဖြစ်ဖြစ်ချင်း လုံခြုံရေးအစီအမံတွေ ချက်ချင်းဆောင်ရွက်နေတာကို တွေ့ရတယ်။

**ကိုကျော်ကျော်ဦး (မြို့မအနောက်ရပ်ကွက်၊ မောင်တောမြို့)**

အခုအကြမ်းဖက်မှုမှာ မောင်တောမြို့သူမြို့သားတွေ အားလုံးက စိုးရိမ်ထိတ်လန့်မှုတွေ ရှိနေတယ်။ အခု မထင်မှတ်ဘဲ ဖြစ်လာတဲ့ကိစ္စက အရင်ပြီးသွားတဲ့ကိစ္စထက် ဆိုးဆိုးရွားရွားဖြစ်တယ်ဆိုတော့ အားလုံးက စိုးရိမ်ထိတ်လန့်တဲ့အနေအထားမှာရှိနေတယ်။ အခုပြဿနာဖြစ်ပြီး သုံးရက်အတွင်းမှာကို မြို့နယ်လူထုရဲ့ စိုးရိမ်ပူပန်မှုက ပိုများလာပြီး စိတ်ချရတဲ့နေရာတွေကို ပြောင်းရွှေ့နေကြရတယ်။ ပြည်သူတွေရဲ့ စိုးရိမ်ထိတ်လန့်မှုကို လျော့ပါးအောင် ပြည်ထောင်စုဝန်ကြီးတွေကတော့ လုပ်နိုင်တဲ့အပိုင်းတွေကို ပြောကြားသွားကြတယ်။ နောက်ထပ်ပြဿနာတွေက ဘယ်လိုပုံစံမျိုးနဲ့ ထပ်ဖြစ်လာမလဲဆိုတာကိုတော့ ဒေသခံတွေ စိုးရိမ်နေတယ်။ ပြီးခဲ့တဲ့ပြဿနာက လက်နက်မပါဘူး။ အခု လက်နက်ပါလာတယ်။ ဒါကြောင့် လုံခြုံရေးကိုတိုးမြှင့်ချထားပေးစေချင်တယ်။ ဖြစ်ရတဲ့ပြဿနာတွေက အများကြီးပဲ။ ဘာသာရေးအစွန်းရောက်တာတွေနဲ့လည်း ဆိုင်တယ်။ ပြီးခဲ့တဲ့ ဖြစ်ခဲ့တဲ့ပြဿနာတွေနဲ့လည်း သက်ဆိုင်နေတယ်။ အဓိကပြောချင်တာက လုံခြုံရေးပါ။ နောက်ဝန်ထမ်းတွေက ဝေးလံသီခေါင်တဲ့နေရာတွေမှာ တာဝန်ထမ်းဆောင်နေရတယ်။ အဓိကက ဆရာ ဆရာမတွေပေါ့။ အရင်တုန်းကတော့ ဆရာ ဆရာမတွေလုံခြုံရေးကို နယ်ခြားစောင့်ရဲတပ်ဖွဲ့က လိုက်ပေးတယ်။ ဆရာ ဆရာမတွေ သူတို့တွေရဲ့နေရပ်ပြန်ပို့ပေးနိုင်ဖို့က အရေးကြီးနေတယ်။

**ဦးအိစ်မိုလ် (မြို့သူကြီးရွာ၊ မောင်တော)**

အခု အကြမ်းဖက်မှုဖြစ်စဉ်အပေါ် စိတ်မကောင်းဘူး။ ဝမ်းလည်းနည်းတယ်။ ဒီကိစ္စက မလုပ်သင့်ပါဘူး။ ဒါနိုင်ငံတော်ကို ပုန်ကန်တာပါ။ ဥပဒေအရ ထိထိရောက်ရောက် အရေးယူပေးစေချင်တယ်။ လက်ရှိ မောင်တောမြို့ရဲ့ အနေအထားက သွားရေးလာရေးအခက်အခဲရှိတယ်။ ဈေးဆိုင်တွေ၊ ကျောင်းတွေလည်း ပိတ်ထားတယ်။ ကျွန်တော်တို့အနေနဲ့ ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်စားသောက်ချင်ပါတယ်။

**ဦးဇော်ဝင်း (ဘူးသီးတောင်ဒေသခံ)**

အကြမ်းဖက်လုပ်ရပ်၊ ဒါ့အပြင် အချုပ်အခြာအာဏာ အမျိုးသားလုံခြုံရေးကို ထိပါးပြီး နယ်မြေလုကျူးကျော်တဲ့စစ်ပွဲလို့မြင်တယ်။ ဒါကို တာဝန်ရှိသူတွေအနေနဲ့ ဘယ်လိုကာကွယ်မလဲ။ ဒါကအရေးကြီးပါတယ်။ လုံခြုံရေးအင်အားကို တိုးမြှင့်ပေးစေချင်ပါတယ်။ ဒီမှာရှိတဲ့ လူဦးရေနဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့သူတွေရဲ့လူဦးရေက မမျှမတဖြစ်နေတယ်။ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကိုင်ဆောင်တဲ့ သေနတ်တွေကလည်း ခေတ်မမီဘူး။ သေနတ်တွေက ကိုယ်စီကိုယ်ငတောင် မကိုင်နိုင်ဘူး။ ခေတ်မီလက်နက်တွေ တပ်ဆင်ပြီး လုံခြုံရေးအင်အားကို တိုးမြှင့်ရပါလိမ့်မယ်။ အဲဒါက ဒီဒေသရဲ့လုံခြုံရေးအတွက် အရေးကြီးပါတယ်။ မောင်တောနဲ့ ဘူးသီးတောင်ဆိုတာ တစ်ဆက်တည်းဖြစ်နေတယ်။ မောင်တောဖြစ်တာနဲ့ ဘူးသီးတောင်လည်း ရိုက်ခတ်မှုရှိတာပဲ။ ဒီပြဿနာတွေကို တည်တည်ငြိမ်ငြိမ်နဲ့ ဖြေရှင်းဖို့တော့လိုတယ်။

**ဒေါက်တာဘော့ရှေရ် (ဘူးသီးတောင်မြို့နယ်)**

ဘေးစကားတွေ၊ ကောလာဟလတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ မဟုတ်မမှန်ရေးသားချက်တွေကို မယုံဖို့၊ နားမယောင်ဖို့ ပြောထားတယ်။ တစ်ခုခုဖြစ်တယ်ဆိုရင် အားလုံးညှိနှိုင်းပြီး သေချာလေ့လာစုံစမ်းစိစစ်ပြီး လုပ်မယ်ဆိုရင် ဘာပြဿနာမှ မဖြစ်နိုင်ဘူး။ နိုင်ငံတော်ရဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်သူတွေ၊ ပြည်သူကို စောင့်ရှောက်နေတဲ့သူတွေကို တိုက်ခိုက်သွားတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ ဒါဟာ နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးတဲ့ကိစ္စလည်းဖြစ်တယ်။ မဆိုင်တဲ့သူတွေမပါဘဲ ပြစ်မှုကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သင့်တယ်လို့ ပြောချင်ပါတယ်။

တွေ့ဆုံမေးမြန်း - မင်းသစ်(သတင်းစဉ်)
ဓာတ်ပုံ - နေလင်း(ပြန်/ဆက်)

## ရထားရဲတပ်ဖွဲ့ဝင်များ အသိပညာပေးလှုံ့ဆော်

**လားရှိုး အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ အောက်တိုဘာ ၁၀ ရက်တွင် ရထားရဲတပ်ဖွဲ့ အမှတ် (၅) တပ်ခွဲ (လားရှိုး)မှ မြန်မာ့မီးရထား ခုတ်မောင်းပြေးဆွဲနေသော ရထားသံလမ်းများတွင် ရထားကြိတ်မှု၊ ရထားတိုက်မှုဖြစ်စဉ်များ ဖြစ်ပွားနေသဖြင့် လူ၊ မော်တော်ယာဉ်နှင့် တိရစ္ဆာန်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ လုယက်မှုများ များပြားနေပြီး အဆိုပါဖြစ်စဉ်များလျော့နည်းကျဆင်းရေးအတွက် ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါပညာပေး လှုံ့ဆော်မှုပြုလုပ်ရာတွင် ရထားရဲတပ်ဖွဲ့ အမှတ် (၅)တပ်ခွဲ လားရှိုးမှ တပ်ခွဲမှူး ဒုရဲမှူးတင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ရပ်ကွက်နယ်မြေမှူးများ၊ မြန်မာ့မီးရထားဝန်ထမ်းများနှင့်ပူးပေါင်း၍ လားရှိုးမြို့ ရပ်ကွက် (၉) နယ်မြေ(၃)ရှိလားရှိုး-မန္တလေးရထားလမ်း၊ သံလမ်းကူးဂိတ်တွင် မော်တော်ယာဉ်၊ ဆိုင်ကယ်မောင်းနှင်သူများ၊ ခြေကျင် သံလမ်းဖြတ်ကျော်လမ်းကူးသူများ၊ ရထားဘူတာပတ်ဝန်းကျင်၌ လူခိုအောင်းနိုင်သော နေရာများကိုစစ်ဆေးခြင်း၊ လမ်းကူးသူများအား အသိပညာပေးဟောပြောခြင်း၊ ရထားဖြတ်သန်းချိန်များတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်များအား သတိဝီရိယနှင့် ဖြတ်သန်းသွားလာမောင်းနှင်ကြစေရေး ပညာပေးလှုံ့ဆော်ခဲ့ကြကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



## မလေးရှားနိုင်ငံရှိထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ထိန်းသိမ်းခံခဲ့ရသော မြန်မာနိုင်ငံသား ၁၃၂ ဦးနှင့် ရင်ခွင်ပိုက်ကလေးငယ်နှစ်ဦး ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၄**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ထိန်းသိမ်းခံခဲ့ရသော မြန်မာနိုင်ငံသားများအား အမိမြန်မာနိုင်ငံသို့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) သည် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ ပြန်လည်ခေါ်ယူလျက်ရှိရာ အောက်တိုဘာ ၁၄ ရက် နံနက် ၁ နာရီက မြန်မာနိုင်ငံသား ၁၃၂ ဦးနှင့် ရင်ခွင်ပိုက်ကလေးငယ်နှစ်ဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသူများကိုဖောင်ဒေးရှင်းမှ ငွေကျပ်တစ်သိန်းစီထောက်ပံ့ လှူဒါန်းခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ပြန်လည်ရောက်ရှိလာသူများ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ပြည်ပနိုင်ငံများတွင် ဒုက္ခမျိုးစုံ ရင်ဆိုင်ကြုံတွေ့နေကြရသော မြန်မာနိုင်ငံသားများအား အမိမြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ရေးအတွက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုများဖြင့်လည်းကောင်း ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ပြည်ပ (အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ) နိုင်ငံများရောက် မြန်မာနိုင်ငံသား ဒုက္ခသည်များကို အမိမြန်မာနိုင်ငံသို့ MAI စင်းလုံးငှားလေယာဉ်များဖြင့် စရိတ်ငြိမ်းအခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးငွေကြေးများလည်း ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။

**(ဝဝဝ)**

## လူမှုဝန်ထမ်းဦးစီးဌာနက တရားစွဲဆိုသော အင်းဝအပ်ချုပ်ဆိုင် မိသားစုအမှု စတင်ရုံးထုတ်၊ ရှေ့အပတ်တွင် စတင်စစ်ဆေးမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

အိမ်အကူမိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများ မပေးသဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက တရားလိုပြုလုပ်၍ ကလေးသူငယ် ဥပဒေပုဒ်မဖြင့် တရားစွဲဆိုထားသော အင်းဝအပ်ချုပ်ဆိုင် မိသားစုဝင် လေးဦးအား ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် တရားရုံးတွင် ပထမအကြိမ်အဖြစ် စတင်ရုံးထုတ်သည်။

ယနေ့ရုံးထုတ်ရာတွင် တရားလိုဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းအုပ် ဒေါ်အေးနော်ဝင်း တရားခွင်သို့ရောက်ရှိခဲ့ပြီး ကလေးသူငယ် ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခံထားရသော အင်းဝအပ်ချုပ်ဆိုင် မိသားစုဝင်များဖြစ်သည့် ဒေါ်တင်သူဇာ၊ မစုမွန်လတ်၊ ကိုတင်မင်းလတ်၊ ကိုရာဇာထွန်းတို့အနက် ကိုတင်မင်းလတ်အနေဖြင့်သာ အကျိုးဆောင်ရှေ့နေ အဆင်သင့်ရှိနေသော်လည်း ကျန်ရှိနေသည့် တရားစွဲဆိုခံထားရသူ သုံးဦးမှာ ရှေ့နေငှားရမ်းရာတွင် အဆင်သင့်မဖြစ်သေးသဖြင့် ရုံးချိန်းအား အောက်တိုဘာ ၂၀ ရက်နေ့သို့ ချိန်းဆိုကာ ယင်းနေ့ မွန်းလွဲပိုင်းတွင် အမှုမှ တရားလိုဘက်ကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း မြို့နယ်တရားသူကြီးက ပြောကြားသည်။

"တရားလိုဘက်က ရောက်လာတယ်။ ရှေ့နေအဆင်သင့်မဖြစ်သေးလို့ လာမယ့်အပတ် ရုံးချိန်းမှာ ကျန်တဲ့ရှေ့နေတွေအနေနဲ့ ရှေ့နေပါဝါတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ စစ်သွားမယ်လို့ တရားရုံးက နောက်ဆုံးသတိပေးပြီး ပြောလိုက်ပါတယ်။ ဒါကြောင့် လာမယ့်ရုံးချိန်းမှာ အမှုကိုမဖြစ်မနေ စစ်သွားမယ်လို့ သိရပါတယ်"ဟု တရားစွဲဆိုခံရသူ ဦးတင်မင်းလတ်၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးသန်းမြင့်က မီဒီယာများကို ပြောသည်။

အိမ်အကူ မိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများ မပေးသည့် ဖြစ်စဉ်တွင် တရားစွဲဆိုခံထားရသူများဖြစ်သည့် အင်းဝအပ်ချုပ်ဆိုင် မိသားစုဝင်ခြောက်ဦးအနက် ပထမဆုံး အမှုဖွင့်အရေးယူခံရသူ လေးဦးကိုသာ လူမှုဝန်ထမ်းဦးစီးဌာနက တရားလိုပြုလုပ်၍ ကလေးသူငယ် ဥပဒေပုဒ်မ-၆၆(ဃ) ဖြင့် တရားစွဲဆိုထားခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာအပါအဝင် မိသားစုဝင် ခြောက်ဦးအား အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)က တရားလိုပြုလုပ်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အနောက်ပိုင်းခရိုင် တရားရုံး၌ တရားစွဲဆိုထားသည့်အမှုအား အောက်တိုဘာ ၁၃ ရက်မှစတင်၍ စစ်ဆေးလျက်ရှိသည့်အပြင် ကျောက်တံတားမြို့နယ် မြို့မရဲစခန်းမှ တရားလိုပြုလုပ်၍ နာကျင်စေမှု ပုဒ်မများဖြင့် မြို့နယ်တရားရုံး၌ တရားစွဲဆိုထားသော အမှုအား အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရုံးထုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

## အငှားအိမ်ရာများအား ငါးနှစ်စာချုပ်ဖြင့် နေထိုင်ခွင့်ပြုမည်ဖြစ်သော်လည်း အိမ်ရာဝယ်ယူနိုင်စွမ်းမရှိပါက စိစစ်ကာ ပြန်လည်နေရာချထားပေးမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၄**

အစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်လျက်ရှိသည့် အငှားအိမ်ရာများကို ငါးနှစ်စာချုပ်ဖြင့် နေထိုင်ခွင့်ပြုမည်ဖြစ်သော်လည်း စီးပွားရေးအခြေအနေအရ အငှားအိမ်ရာမှ အဝယ်အိမ်ရာ၊ အရောင်းအိမ်ရာများကို ပြောင်းပြီးဝယ်ယူနိုင်စွမ်းမရှိပါက ငှားရမ်းနေထိုင်ခွင့် ထပ်မံလျှောက်ထားလာမှုကို စိစစ်ရေးအဖွဲ့နှင့် စိစစ်ကာ ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

"အငှားအိမ်ရာငှားရမ်းပေးမှုနဲ့ ပတ်သက်ပြီး အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်းနဲ့ ပြည်သူလူထုဆိုပြီး သုံးမျိုးသုံးစားခွဲခြားထားတယ်။ မနှိုက်တဲ့အခါမှာ တချို့ဆိုရင် ကြုံရာကျပန်းလုပ်ကိုင်စားသောက်ကြတဲ့သူတွေလည်းပါတယ်။ အဲဒီလူတွေ အငှားအိမ်ရာမှာနေရင်း စီးပွားရေးအဆင်ပြေလာမယ်ဆိုရင် အငှားအိမ်ရာမှာတစ်သက်လုံး မနေတော့ဘဲ သင့်တင့်မျှတတဲ့ တန်ဖိုးနည်းအိမ်ရာတွေဝယ်နိုင်မယ်ဆိုရင် ဒီအိမ်ကိုပြန်အပ်ပေါ့ဗျာ။ ဒီထက်ပိုပြီးကြိုးစားချင်လာအောင် ငါးနှစ်အငှားအိမ်ရာဆိုပြီး သတ်မှတ်လိုက်တာပါ။ နောက်ငါးနှစ်မှာလည်း စီးပွားရေးအဆင်မပြေဘူးဆိုရင် အငှားအိမ်ရာကနေ အဝယ်အိမ်ရာကို ပြောင်းပြီးဝယ်နိုင်ဖို့မလွယ်ဘူး။ အဲဒီလိုမဝယ်နိုင်ဘူး ဒီအိမ်မှာပဲနေချင်တယ်ဆိုရင် ပြန်ပြီးလျှောက်ရမယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ပြန်လည်သုံးသပ်ပြီး နောက်ထပ်ငါးနှစ်ငှားရမ်း နေထိုင်ခွင့်ပြုပါဆိုတဲ့ လျှောက်လွှာကို စိစစ်ရေးအဖွဲ့နဲ့ စိစစ်ပြီးတော့ ပြန်လည်နေရာချထားသွားမှာပါ"ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောသည်။

အစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နိုင်ငံပိုင်အငှားအိမ်ရာများကို လုပ်ထုံးလုပ်နည်းအသစ်အရ ငါးနှစ်သာနေထိုင်ခွင့်ပြုရန် ချမှတ်ထားသော်လည်း ယခင်အစိုးရလက်ထက်မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ အငှားအိမ်ရာများတွင် ငှားရမ်းနေထိုင်သူများမှာ ကန့်သတ်ချက်တွင် မပါရှိသေးကြောင်း မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"ဥပဒေကတော့ တစ်ပြေးညီတည်းပဲ သွားနေတာပါ။ အရင်နေပြီးသား အငှားအိမ်ရာငှားရမ်းသူတွေအတွက်လည်း စဉ်းစားထားပါတယ်။ အဲဒီအတွက် ဥပဒေတစ်ခု မကြာခင်ထွက်လာမှာပါ။ လက်ရှိအနေအထားကတော့ ငှားရမ်းမယ့်သူတွေကို စတင်စာချုပ်ချုပ်တဲ့အခါမှာ ဥပဒေအတိုင်းတစ်ပြေးညီလိုက်နာရမှာဖြစ်တဲ့အတွက်ကြောင့် ယခင်အငှားအိမ်ရာကလူတွေလည်း စည်းကမ်းချက်အတိုင်းလိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်း အကောင်းဆုံးဖြစ်အောင် အတိုင်းအတာတစ်ခုအထိဖြေလျှော့မှုပြုလုပ်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးယုခိုင်က ရှင်းပြသည်။

အငှားအိမ်ရာ ငှားရမ်းရာတွင် အိမ်ပိုင်ယာပိုင် မရှိသူများကိုသာ ငှားရမ်းမည်ဖြစ်သည့်အပြင် သတ်မှတ်ထားသည့် အိမ်လခကို သတ်မှတ်ထားသည့်ရက်တွင် ပေးသွင်းရမည်ဖြစ်ရာ မပေးသွင်းပါက ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း စသည်ဖြင့် ဒဏ်ကြေးအဖြစ်ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အငှားအိမ်ရာဖော်ဆောင်ရန် အတွက် ယခင်အစိုးရလက်ထက်တွင် ငွေကျပ် ၄၆ ဘီလီယံချထားပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် ဘီလီယံ ၂၀ ချထားပေးပေးခဲ့ကြောင်းနှင့် လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် အငှား အိမ်ခန်းပေါင်း ၁၂၀၀ ကို ရေမီးအပြည့်အစုံဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

"အငှားအိမ်ရာနဲ့ ပတ်သက်ပြီး ၁၉၄၅-၄၆ ခုနှစ်လောက်ကတည်းက လုပ်ခဲ့ကြတာပါ။ အခုအချိန်မှာတော့ ခေတ်သစ်စနစ်သစ်နဲ့အညီဖြစ်အောင် ညွှန်ကြားရေးမှူးချုပ်အငြိမ်းစားတို့၊ အင်ဂျင်နီယာချုပ်အငြိမ်းစားတို့နဲ့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုအဖွဲ့နဲ့ အကြံပြုပြီးတော့ ပြည်ထောင်စု အစိုးရအဖွဲ့ကိုတင်ပြတဲ့အခါမှာ သဘောတူညီခဲ့ပြီးတဲ့နောက် ၃၂ ချက်ထွက်လာတယ်။ အဲဒီမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အငှားအိမ်ရာ တွေလုပ်နေတဲ့သူတွေကို တင်ပြထားတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ အဲဒီအချက်တွေချပြလိုက်တဲ့အခါမှာတော့ ကျပ်သုံးသောင်းတန်အငှားအိမ်ရာတွေမှာ ငါးနှစ်ပဲနေခွင့်ပြုမယ်ဆိုတာ သတ်မှတ်ချက်ဖြစ်သွားတယ်" ဟု ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကောင်အထည်ဖော်လျက်ရှိသည့် အငှားအိမ်ရာများမှာ ယခင်စာရင်း အဟောင်းအရဆိုပါက ၁၆၀၀၀ ရှိပြီး လက်ရှိအစိုးရသစ်လက်ထက်တွင် အငှားအိမ်ရာအခန်းစုစုပေါင်း ၅၀၀၀ ခန့် ရှိကြောင်းသိရသည်။ ထိုသို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အငှားအိမ်ရာများအကောင်အထည်ဖော်ဆောင်လျက်ရှိနေသော်လည်း ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအခက်အခဲကြောင့် ဘတ်ဂျက်ချထားပေးခြင်းမရှိသေးဘဲ လက်ရှိတွင် ကျန်တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်တို့တွင်သာ အကောင်အထည်ဖော်နိုင်သေးသည့်အနေအထားတွင်ရှိကြောင်း မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**(နိုင်လင်းကြည်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်(ရွှေဈေး) ၈၅၈၀၀၀ - ၈၅၈၀၀၀ မန္တလေး(ရွှေဈေး) ၈၅၈၀၀၀ - ၈၅၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၃၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၀၅/၆၂၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၅၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၈၈. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၆. ၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၅၄၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၇၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၈၁၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၁. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၉၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၁. ၂၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၆. ၇၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းမည့် ရန်ပုံငွေပဒေသာကပွဲကြီး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းနိုင်ရန်အတွက် ကျင်းပသော ရန်ပုံငွေပဒေသာကပွဲကြီးအား အောက်တိုဘာလ ၁၃ ရက် ညနေ ၄ နာရီမှစတင်ကာ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါရန်ပုံငွေပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး တက်ရောက်ပြီးအဖွင့်အမှာစကားပြောကြားကာ ရန်ပုံငွေလက်ခံရယူသည်။

ရန်ပုံငွေပဒေသာကပွဲကြီးအား မန္တလေးအနုပညာရပ်ဝန်းမှ ဖျော်ဖြေတင်ဆက်ကပြခြင်းဖြစ်ပြီး မန္တလေးမြို့မှ ဒီဇိုင်နာများ၊ မိတ်ကပ်အလှဖန်တီးရှင်များ၊ ပန်းအလှဖန်တီးရှင်များ၊ MR. & Miss များ၊ Lady Boy Miss များ၊ ကာယအလှမောင်၊ ကာယအလှမယ်များ၊ အိပ်မက်ဆုံရာမှ တေးသံရှင်များ၊ Myanmar Idol မှ တေးသံရှင်များ၊ Dancer များ၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) မှ အနုပညာရှင်များ၊ သဘင်ပညာရှင်များနှင့် အင်အားသစ်ရှမ်းလူငယ်အဖွဲ့ စသည့် အနုပညာရှင်ပေါင်းများစွာတို့မှ ပါဝင်တင်ဆက်ဖျော်ဖြေကြသည်။

Linn Entertainment နှင့် Kiss Entertainment တို့မှ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး ဝင်ကြေးအဖြစ် ကျပ် ၅၀၀၀ နှင့် ကျပ် ၁၀၀၀၀ သတ်မှတ်ထားကာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဘဦး)**



# ဖခင်တစ်ဦး၏ဘဝသည် အရာရာကိုပြောင်းလဲစေနိုင်သည်ဟု ဆိုလာသူ ဂျက်စတင်တင်မ်ဘာလိတ်

ရုပ်ရှင်၊ ဂီတနှင့် အနုပညာလုပ်ငန်းများစွာကို ပိုင်နိုင်ကျွမ်းကျင်သူ အနောက်တိုင်းတေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်ခ်သည် ၂၀၁၂ ခုနှစ်က အီတလီနိုင်ငံ၌ အမေရိကန်မင်းသမီး ဂျက်စီကာဘေးလ်နှင့် လက်ထပ်ခဲ့ပြီး ယခုအခါ (၁၈) လအရွယ်ရှိ သားယောကျ်ားလေးတစ်ဦး ထွန်းကားခဲ့ရာ ဖခင်တစ်ဦး၏ ဘဝသည် အရာရာကို ပြောင်းလဲနိုင်စွမ်းရှိကြောင်း Today show တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

"ဖခင်တစ်ယောက်အဖြစ်ကို ရလာတော့ အရာအားလုံးက ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့သားအမိကိုလည်း ပိုတန်ဖိုးထားတတ်လာတယ်"ဟု အဆိုပါအစီအစဉ်တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မိခင်ဖြစ်သူ မင်းသမီး ဂျက်စီကာကလည်း "ပထမဆုံးအတွေ့အကြုံဖြစ်လို့ အပြောင်းအလဲဖြစ်တာကတော့ အမှန်ပါပဲ။ ကလေးတစ်ယောက်ရဲ့ အခက်အခဲက ပထမဆုံးအတွေ့အကြုံပေါ့လေ။ သူ့အတွက် ကလေးသေးခံကအစ အသေးစိတ် လိုက်ဂရုစိုက်ရတော့၊ ကြာလာတော့ ကိုယ့်ရဲ့ရှုထောင့်အမြင်လဲပြောင်းလဲလာတယ်"ဟု အဆိုပါ ရုပ်သံအစီအစဉ်တွင် ဂျက်စတင်နှင့်အတူ ပြောကြားခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်းဖြစ်သူ ဂျက်စတင်တင်မ်ဘာလိတ်ခ်အနေဖြင့် Trolls ဟု အမည်ရသည့် သရီးဒီဟာသဇာတ်မြူးကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

**(မျိုးစန္ဒာမောင်)**

# လူမှုကွန်ရက်စာမျက်နှာများတွင် ဝေဖန်မှုများနှင့်ပတ်သက်၍ အနုပညာရှင်များကိုယ်စား ကြိုဆိုပါကြောင်း ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းပြော

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာ့ရုပ်ရှင်ဇာတ်ကားများ၏ အရည်အသွေးကျဆင်းလာသည်ဟု လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာ့ရုပ်ရှင်လောကအပေါ် ဝေဖန်ပြောဆိုနေမှုများပျံ့နှံ့နေခြင်းနှင့်စပ်လျဉ်းပြီး ၎င်းအနေဖြင့် အဆိုပါဝေဖန်မှုများကို အနုပညာရှင် ရုပ်ရှင်လောကသားများကိုယ်စား ကြိုဆိုပါကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ကြေးမုံသတင်းစာသို့ ပြောကြားခဲ့သည်။

"ရုပ်ရှင်ပညာရှင် မိဘဘိုးဘွားတွေကနေ လက်ဆင့်ကမ်းလာတဲ့ မြန်မာ့ရုပ်ရှင်ဟာ ဒီနေ့ခေတ်မှာ ဝေဖန်သံတွေ ဆူညံနေတာနဲ့ပတ်သက်လို့ ကြိုဆိုပါတယ်။ ကျွန်တော်တို့အနုပညာရှင်တွေဆိုတာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ဝေဖန်မှုကို ခံယူရမယ်လို့ ခံယူထားတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောသည်။

သို့ရာတွင် အနုပညာရှင်အချင်းချင်း၊ မြန်မာ့ရုပ်ရှင်အနုပညာကို အားပေးသည့် ပရိသတ်အချင်းချင်း စိတ်ဝမ်းကွဲမှုများ၊ ထိပ်တိုက်ရန်မူပြောဆိုမှုများ တစ်စစကြီးထွားလာမည်ကို မလိုလားကြောင်း ဦးလူမင်းက ဆိုသည်။

ဆက်လက်၍ "ကျွန်တော်တို့ ရုပ်ရှင်လောကမှာ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ အများကြီးရှိတယ်ဆိုတာ ဝန်ခံပါတယ်။ အဲဒီအားနည်းချက်တွေကို နည်းနိုင်သမျှနည်းအောင် ကျွန်တော်တို့ ပြင်ရမယ်။ လက်ရှိအခြေအနေထက် ပိုမိုကောင်းဖို့ ကျွန်တော်တို့ ကြိုးစားရမယ်၊ ကြိုးစားနေပါတယ်"ဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက ပြောသည်။

ထို့အပြင် လက်တလောအခြေအနေတွင် ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားရိုက်ကူးရန် သိန်းထောင်ချီ ရင်းနှီးရသည့်အတွက် ပရိသတ်ကြိုက်ရန် ရာနှုန်းနည်းသည့် ဇာတ်ကားများကို ရွေးချယ်ထုတ်လုပ်ရန် ထုတ်လုပ်သူများအနေဖြင့် လွန်စွာခက်ခဲလာခြင်းဖြစ်ပြီး ပရိသတ်ကြိုက် ဟာသရုပ်ရှင်ဇာတ်ကားများကိုသာ ရွေးချယ်ရိုက်ကူးမှုများလာခြင်းဖြစ်သည်ဟု ဦးလူမင်းက ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင်က "ထုတ်လုပ်သူနဲ့ ဒါရိုက်တာတွေအနေနဲ့ ပိုက်ဆံအလွယ်တကူရလို့ဆိုပြီး မရိုက်သင့်ဘူး၊ တစ်ဖက်က မေတ္တာထားရင်၊ တစ်ဖက်ကလည်း ပြန်ထားမှာပါ၊ ဒီဇာတ်ကားက လက်ခံသင့်တယ်၊ လက်မခံသင့်ဘူး၊ အကျိုးရှိလား၊ မရှိလား၊



စီစစ်ပြီးမှ ရိုက်သင့်တယ်၊ ပြည်သူတွေနှစ်ခြိုက်တဲ့ ဇာတ်ကားကောင်းတွေ ဖန်တီးနိုင်အောင် ကြိုးစားသင့်တယ်"ဟု မှတ်ချက်ပြုသည်။

မြန်မာ့ရုပ်ရှင်လောကနှင့်ပတ်သက်၍ မြန်မာကားမကြိုက်သူများတွေ့ဆုံပွဲ၊ မြန်မာပေါကားများရပ်စသဖြင့် လတ်တလော၌ အွန်လိုင်းပေါ်တွင် လူမှုကွန်ရက်စာမျက်နှာများ ဖွင့်လှစ်ကာ ပြင်းထန်သောဝေဖန်မှုများ ပြုလုပ်နေမှုများရှိနေကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖော်ပြချက်များအရ သိရသည်။

**(သီသီမင်း)**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၁၅ - ၁၀ - ၂၀၁၆ (စနေနေ့)

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ Hyper Sports
၈:၄၅ တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၀:၃၅ ကဗျာရိပ်မြုံ"အောက်တိုဘာနှင့် ဝါကျွတ်ပွဲ"
၁၁:၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး" (ကျန်းမာဖို့အရေးတစ်ကိုယ်ရေသန့်ရှင်းပေး)
၁၁:၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁:၀၅ (၉၆)နှစ်မြောက်ရုပ်ရှင်နှစ်ပတ်လည်ဂုဏ်ပြုအစီအစဉ် "မေတ္တာနှင့်သူရာ" (စောမြတ်နိုး၊ ထက်နေချမ်း၊ ဘလိတ် စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
၂:၁၀ အနုပညာသတင်းအစီအစဉ်
၂:၃၅ ရုပ်ရှင်ရိုက်မယ်(လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာနိုင်ငံတကာ ရုပ်ရှင်ပွဲတော်) "သတင်းဦး၊ ထင်"
၃:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂၀)
၄:၁၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန်(အဆိုဘာသာရပ်) (မဟာဂီတ)(အခြေခံပညာအဆင့် (၁၅-၂၀)အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၄:၃၅ NHK Programme "အာရုံကြောများကလာပ်စည်းများ"
၅:၁၅ KARAOKE World Champisonships(KWC) Myanmar 2016 (LEVEL-3)(Group-1)
၆:၃၅ Tasty Trip
၇:၁၅ "သူ"(အပိုင်း-၂၉) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)
၇:၄၅ "ရောင်စုံမီးကြာခွက်လေးများ"
၇:၅၀ "ကမ္ဘာ့စားနပ်ရိက္ခာနေ့" (၂၀၁၅ ခုနှစ်)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈:၃၅ ဆီမီးပူဇော်သီတင်းကျွတ်မီးထွန်းပွဲတော်"
၉:၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး ဂီတသမား၊ ဂီတစကား "မဟာဂီတတေးအလှ" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၇:၀၀ မေတ္တာပို့
၇:၁၀ ဓမ္မပူဇာတေး
၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈:၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၉:၁၀ လူတိုင်းကျန်းမာ သိမှတ်စရာ
၉:၃၅ ခရီးလည်းသွားစကားလည်းဆို
၉:၅၀ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၁၀:၃၀ Cooking Art
၁၀:၄၅ Happy Time
၁၁:၁၀ English For Myanmar
၁၁:၀၇ မျိုးချစ်တပ်မတော်
၁၁:၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂:၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဆူးနစ်နှလုံးသား လွင်မိုး၊နန္ဒာလှိုင်နှင့် သရုပ်ဆောင်များ
၁၂:၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေသူမရဲ့ခြေရာများ" အပိုင်း(၄)
၂:၃၀ သံစဉ်များနှင့်ကမ္ဘာ
၄:၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၅၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ Run & Cook
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖေဖေကြီးကိုချစ်တယ် အပိုင်း(၆၁)
၅:၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆:၀၅ အမျိုးသားရေးတေးကဗျာ
၆:၁၀ စားဖို့ဆောင်ချစ်သူ
၆:၃၅ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၁၈)
VOA အင်္ဂလိပ်စာသင်ခန်းစာ လူ့ရွှင်တော်စတား -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အကြင်နာမျက်ဝန်း" အပိုင်း(၁၂)

# ကွန်တီ ထွက်ခွာမည်ဆိုသည့် သတင်းများကို ငြင်းဆန်လိုက်သည့် ချယ်လ်ဆီး

နည်းပြ ကွန်တီအနေဖြင့် သုံးလတာကာလ တာဝန်ယူကိုင်တွယ်ခဲ့သည့် ချယ်လ်ဆီးအသင်းမှ ယခုလပိုင်းအတွင်းမှာပင် ထွက်ခွာတော့မည်ဆိုသည့် သတင်းများကို ချယ်လ်ဆီးတာဝန်ရှိသူများက ငြင်းဆန်ပယ်ချလိုက်ကြောင်း စကိုင်းစပို့ အားကစားသတင်းဌာနက ဖော်ပြသည်။ ကွန်တီမှာ လက်စတာနှင့် ယှဉ်ပြိုင်မည့်ပွဲအတွက် အကြိုပြင်ဆင်မှုများကို ပြုလုပ်နေပြီး ထွက်ပေါ်နေသည့် ကိစ္စရပ်မှာ "အဓိပ္ပာယ်မရှိသည့် ကောလာဟလ" သက်သက်သာဖြစ်ကြောင်း ချယ်လ်ဆီးအသင်းဘက်မှ ချက်ချင်းဆိုသလို တုံ့ပြန်လိုက်သည်။

ကွန်တီသည် ချယ်လ်ဆီး၏ ရာသီအစ ပွဲစဉ်သုံးပွဲဆက်အနိုင်ကစားနိုင်ခဲ့သော်လည်း စက်တင်ဘာလအတွင်း လီဗာပူးနှင့် အာဆင်နယ်တို့ကို အရေးနိမ့်ခဲ့ပြီးနောက် ကွန်တီနှင့် ချယ်လ်ဆီးအနာဂတ် ဝေဝါးလာခြင်းဖြစ်သည်။ လီဗာပူးအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ အရေးပေါ်အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့သလို တစ်ဖက်တွင်လည်း နည်းပြ ကွန်တီက ပြီးခဲ့သည့် နွေစျေးကွက်အတွင်း ၎င်းလိုချင်သည့် ကစားသမားများကို ရအောင်ခေါ်ယူနိုင်ခြင်းမရှိသည့်အတွက် မပျော်မရွှင်ဖြစ်နေကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့ကြသည်။ သို့သော်



ချယ်လ်ဆီးအသင်းသည် ဘက်ရှုအာရီ၊ ကန်တီ၊ ဒေးဗစ်လုဇ်နှင့် မာကိုစ့်အလွန်ဆိုတို့အတွက် ပြောင်းရွှေ့ကြေး ပေါင် ၁၁၆ သန်း သုံးစွဲခဲ့သဖြင့် ပရီမီယာလိဂ်တွင် ငွေကြေးသုံးစွဲမှု တတိယအများဆုံး ကလပ်အသင်းအဖြစ် ရပ်တည်နေသည်။

ချယ်လ်ဆီးမှ ကွန်တီ ထွက်ခွာနိုင်သည်ဆိုသည်ကို အင်္ဂလန်တရားဝင်လောင်းကစားဒိုင်များက အောက်တိုဘာ ၁၃ ရက်တွင် ထိပ်တန်းကြေးတစ်ခုအဖြစ် ဖွင့်လှစ်နေကြသလို ချယ်ဆီးနည်းပြသစ် မည်သူဖြစ်လာမလဲဆိုသည်ကိုလည်း အားကစားမီဒီယာများက အကြိုအဖြေထုတ်နေကြပြီဖြစ်သည်။

**မေလှဲ့သင်း-ရေးသားသည်။**

## ရီဘာရီရဲ့ ပြောကြားချက်ကို ဂရစ်ဇ်မန်းတုံ့ပြန်

အက်သလက်တီကိုနှင့် ပြင်သစ်အသင်းကြယ်ပွင့် ဂရစ်ဇ်မန်းက ၎င်းအပေါ် ထင်မြင်ချက်များ မည်သို့ရှိစေကာမူ ၎င်းမှာ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေသည့် ကစားသမားဖြစ်သည်ဟု ရီဘာရီ၏ ဝေဖန်မှုအား တုံ့ပြန်ချေပလိုက်သည်။ ဂရစ်ဇ်မန်းသည် ပြီးခဲ့သည့်ရာသီက အက်သလက်တီကို အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သူဖြစ်သလို ပြင်သစ်လက်ရွေးစင်အသင်းနှင့်လည်း ယူရိုဗိုလ်လုပွဲအထိ ရောက်ရှိခဲ့ခြင်းကြောင့် ဖီဖာဘလွန်းဒီအောဆုဆန်ခါတင်စာရင်းမှာပင် သူ၏အမည်မှာ ပါဝင်ခွင့်ရရှိခဲ့သည်။

ရီဘာရီက ကစားသမားတစ်ဦးအနေဖြင့် ကမ္ဘာ့အကောင်းဆုံး ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်ဆိုသည်ကို သက်သေပြရန်အတွက် မြင့်မားသည့် အဆင့်တစ်ရပ်ကို အနည်းဆုံး (၁၀)နှစ်(သို့မဟုတ်)(၁၅)နှစ်ခန့် ထိန်းသိမ်းရန် လိုသောကြောင့် ဂရစ်ဇ်မန်းအကောင်းဆုံးကစားသမားမဖြစ်သေးဟု ဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် ဂရစ်ဇ်မန်းက "လူတိုင်းက ကိုယ့်အမြင်နဲ့ကိုယ် ရှိကြတာချည်းပါပဲ။ ကျွန်တော့်အဖေကဆိုရင် ကျွန်တော်ကသာ ကမ္ဘာ့အကောင်းဆုံး ကစားသမားပါ။ အက်သလက်တီကို ပရိသတ်တွေဆိုရင်လည်း ဒီလိုမြင်ကြတာပါပဲ"ဟု ဆိုလိုက်သည်။




# ဘယ်လာရင်အတွက် ဘာစီလိုနာကို သတိပေးမှုပြုလုပ်လိုက်သည့် အာစင်ဝင်းဂါး

ဘာစီလိုနာအသင်းသည် အာဆင်နယ်ညာတောင်ပံ ခံစစ်မှူး ဘယ်လာရင်ကို ခေါ်ယူနိုင်ရန် တောက်လျှောက်ချဉ်းကပ်နေပြီး အာဆင်နယ်အသင်းသည်လည်း မိမိတို့ကစားသမားကို မည်သို့မျှ လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း နည်းပြဝင်းဂါးက သတိပေးမှုပြုလိုက်သည်။ စပိန်လူမျိုး ဘယ်လာရင်မှာ အသက်(၁၆)နှစ်အရွယ်တွင် ဘာစီလိုနာမှ အာဆင်နယ်သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ယခုမူသူ၏ ကလပ်အသင်းဟောင်းနှင့် ပြန်လည်ပူးပေါင်းရန် ဘာစီလိုနာသို့ ပြောင်းရွှေ့တော့မည်ဟု စပိန်သတင်းစာများက ဖော်ပြနေကြသည်။

ပြီးခဲ့သည့် လကပင် ဘာစီလိုနာ ဒုတိယဥက္ကဋ္ဌ ဂျောဒီမက်ထရီက ဘယ်လာရင်မှာ ကစားသမားကောင်းတစ်ဦးဟု မှတ်ချက်ချခဲ့သေးပြီး ဝင်းဂါးကမူ ဘာလာရင်၏ အနာဂတ်မှာ အာဆင်နယ်နှင့်ပင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

သို့သော် ဘာစီလိုနာအသင်းသည် ၂၀၁၁ ခုနှစ်တွင် ဖာဘရီဂတ်စ်အား ယခုဘယ်လာရင်ကို ခေါ်ယူရန် ကြိုးပမ်းသည့် နည်းလမ်းအတိုင်းအသုံးပြုပြီး ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သည်။ ဝင်းဂါးက ဘယ်လာရင်မှာ အာဆင်နယ်တွင် ကာလကြာရှည် ဆက်ရှိနေမည့် ကစားသမားဖြစ်ပြီး ဘာစီလိုနာ လူငယ်အကယ်ဒမီမှ ပေါ်ထွက်လာသည့် ကစားသမားဖြစ်သော်လည်း အသက်(၁၆)နှစ် မပြည့်မီကတည်းက အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ပြီးဖြစ်သောကြောင့် သူ၏စိတ်တွင် ဘယ်လာရင်အား အာဆင်နယ်ကစားသမားအဖြစ်သာ ယူဆကြောင်း ဆိုခဲ့သည်။

# ရပ်တန့်မရသည့် MSN တိုက်စစ်အတွဲ လျှို့ဝှက်ချက်ကို နေမာ ဖွင့်ပြောပြီ



ဘာစီလိုနာတိုက်စစ်အတွဲဖြစ်သည့် MSN (မက်ဆီ-ဆွာရက်ဇ်-နေမာ) တိုက်စစ်အတွဲအဖက်မှာ ရပ်တန့်လို့မရနိုင်လောက်အောင် ပြီးပြည့်စုံသည့် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်အဖြစ် အားလုံးက လက်ခံထားကြရာ အဘယ်ကြောင့် ယင်းသို့ အောင်မြင်မှုများရရှိနေသည်ဆိုသည့် လျှို့ဝှက်ချက်ကို နေမာက ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။ နေမာက MSN သည် အတွဲအဖက်မိမိဖြင့် ပြိုင်ဘက်နောက်တန်းလူများ အကြောက်ရွံ့ရဆုံး တိုက်စစ်အတွဲဖြစ်နေရခြင်းမှာ အခြားအကြောင်းတရားများကြောင့်မဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦး နီးကပ်သည့်ရင်းနှီးချစ်ကြည်မှုရှိခြင်းကြောင့်သာဖြစ်ကြောင်း မှတ်ချက်ပြုသည်။

နေမာက "ကျွန်တော်တို့ကြားထဲက ရင်းနှီးတဲ့ ဆက်ဆံရေးက ကျွန်တော်တို့တိုက်စစ်အတွဲ ဘာကြောင့် အောင်မြင်ရသလဲဆိုတဲ့ အဓိက လျှို့ဝှက်ချက်ပါပဲ။ ကျွန်တော်တို့က ကွင်းတွင်း၊ ကွင်းပြင်ရင်းနှီးတဲ့ ဆက်ဆံရေးရှိကြပြီး နိုင်ငံလက်ရွေးစင်အသင်းအတွက် ကစားနေရချိန်မှာတောင် တစ်ဦးနဲ့တစ်ဦး ပုံမှန်အဆက်အသွယ်ရှိသူပါ" ဟု ဆိုလိုက်သည်။

ဆွာရက်ဇ်မှာ ၂၀၁၄ ခုနှစ်တွင် ဘာစီလိုနာသို့ ရောက်ရှိလာပြီးနောက် မက်ဆီ၊ နေမာတို့နှင့်ပူးပေါင်းကာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်အဖြစ် ပုံဖော်နိုင်ခဲ့ကြသည်။ ဆွာရက်ဇ်မရောက်ရှိမီ မက်ဆီမှာ ဘာစီလိုနာအသင်း၏ ဗဟိုတိုက်စစ်မှူးနေရာတွင် ကစားခဲ့ရသော်လည်း ဆွာရက်ဇ်ရောက်ရှိလာသည့်အချိန်မှစတင်ကာ တောင်ပံတိုက်စစ်တွင် ထွက်ကစားခဲ့ရသည်။ အကျိုးဆက်အဖြစ် မက်ဆီသည် ယခင်က ဘာစီလိုနာ၏ ဂိုးသွင်းအများဆုံး ထိပ်ဆုံးနေရာတွင် နှစ်စဉ်နှစ်တိုင်းလိုလို ရပ်တည်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီတွင် ဆွာရက်ဇ်မှာ ဘာစီလိုနာအသင်း၏ ဂိုးအများဆုံး သွင်းယူသည့် ကစားသမားရာထူးကို လွှဲပြောင်းယူနိုင်ခဲ့သည်။ ယင်းအချက်မှာ ပြိုင်ဘက်နောက်တန်း ကစားသမားများက မက်ဆီကိုသာ အာရုံစိုက်နေခြင်းကိုလျှော့ချရန်အတွက် နည်းပြ အင်းနရစ်က ဗျူဟာမြောက်စီစဉ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါတိုက်စစ်အတွဲမှာ ပြီးခဲ့သည့်ဘောလုံးရာသီတွင် သွင်းဂိုး ၁၂၀ ကျော်အထိ သွင်းယူနိုင်ခဲ့သည်။

## ၂၀၁၆ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပဉ္စမပွဲစဉ်ကို ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်းတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ လေးရက်တိုင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို ဝါရင့်ပရော်ဖက်ရှင်နယ်အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား အမျိုးသမီးပြိုင်ပွဲများနှင့် အငယ်တန်းအဆင့် စသည်ဖြင့် အတန်းအစားအလိုက် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေကို ကန့်သတ်ထားကာ စိန့်အင်ဒရူးဂေါက်သီးရိုက်စည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများကို ကျင့်သုံး၍ ယှဉ်ပြိုင်စေမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် ကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်ကြေး ဝါရင့်ပညာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၂၀၀၀၀၊ ဝါသနာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် ဖုန်း -၀၉-၄၂၁၁၃၄၁၁၁၊ ၀၉-၄၂၀၀၂၂၅၉ သို့ အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၂ နာရီထက် နောက်မကျဘဲ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

### အောက်တိုဘာ ၁၅/၁၆ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၈** | |
| ချယ်လ်ဆီး - လက်စတာ | ညနေ-၆း၀၀ |
| ဘုန်းမောက် - ဟားလ်စီးတီး | ည-၈း၃၀ |
| အာဆင်နယ် - ဆွမ်ဆီး | ည-၈း၃၀ |
| မန်စီးတီး - အဲဗာတန် | ည-၈း၃၀ |
| စတုတ် - ဆန်းဒါးလန်း | ည-၈း၃၀ |
| ဝက်စ်ဘရွန်း - စပါး | ည-၈း၃၀ |
| ခရစ္စတယ်ပဲလေ့စ်- ဝက်စ်ဟမ်း | ည-၁၁း၀၀ |
| **လာလီဂါ ပွဲစဉ် - ၈** | |
| လီဂါနက်စ် - ဆီဗီလာ | ညနေ-၅း၃၀ |
| ဘာစီလိုနာ - ဒီပို့တီဗို | ည-၈း၄၅ |
| အက်သလက် - ဂရန်နာဒါ | ည-၁၁း၀၀ |
| ဘက်တစ် - ရီးယဲလ်မက်ဒရစ် | နံနက်-၁း၁၅ |
| **စီးရီးအေ ပွဲစဉ် - ၈** | |
| နာပိုလီ - ရိုးမား | ည-၇း၃၀ |
| ပက်စ်ကာရာ - ဆမ်ဒိုးရီးယား | ည-၁၀း၃၀ |
| ဂျူဗင်တပ် - အူဒီးနီးစ် | နံနက်-၀၁း၁၅ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၇** | |
| မိုချန်ဂလက်ဘတ်- ဟမ်းဘတ် | ည-၈း၀၀ |
| ကိုလုံး - အင်ဂိုလ်စတက် | ည-၈း၀၀ |
| အော့စ်ဘတ် - ရှော်ကေး | ည-၈း၀၀ |
| ဟော့ဖန်ဟိမ်း - ဖရိုင်းဘတ် | ည-၈း၀၀ |
| ဖရန့်ဖတ် - ဘိုင်ယန်မြူးနစ် | ည-၈း၀၀ |
| ဝါဒါဘရီမင် - လေဗာကူဆင် | ည-၁၁း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၉** | |
| နန်စီ - ပီအက်စ်ဂျီ | ည-၉း၃၀ |
| လိုရီးယန့် - နန့်တက်စ် | နံနက်-၀၀း၃၀ |
| မွန့်ပယ်လီယာ - ကိန်း | နံနက်-၀၀း၃၀ |
| ဘက်စတီးယား - အန်းဂါးစ် | နံနက်-၀၀း၃၀ |
| ဂူအင်ဂမ် - လိုင်လီ | နံနက်-၀၀း၃၀ |

**မောင်မောင်ဇော်**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




### ထွက်လာတဲ့အစ

သိက္ခမ်းခဲ့တာ ၁၀ နှစ်မကပြီဖြစ်တဲ့ ဥရောပသားတစ်ယောက်ရေးထားတာလေး မနက်က အမှတ်မထင် ဖတ်လိုက်ရတယ်။ သူ မြန်မာပြည်မှာ ရောက်နေတာလည်း ၁၀ နှစ်မကတော့ပါဘူး။ ဥရောပသားဖြစ်ပေမယ့် ကျွန်တော်ကျွေးသမျှ ပုရစ်၊ သင်ပေါင်းပိုး၊ မုန့်တီ၊ မန္တလေးမြီးရှည်စတာတွေကို မက်မက်စက်စက်စားတဲ့သူ၊ မြန်မာတွေနဲ့ ဖက်လဲတကင်း တရင်းတနှီးရှိသူပါ။ သူရေးထားတာလေးကိုပဲ ဘာသာပြန်ပြပါရစေလား။

"ပြည်လမ်းအတိုင်း လမ်းလျှောက်လာရင်း မြင်မိတာက အမြန်ဆုံးမောင်းနေတဲ့ ယာဉ်တွေဟာ လိုင်းကားအိုကြီးတွေ ဖြစ်နေတာပါပဲ။ အသိဉာဏ်မဲ့တဲ့ ယာဉ်မောင်းတွေဟာ ရူးလောက်တဲ့ အရှိန်နဲ့မောင်းနေကြတာများ ထိန်းမနိုင်သိမ်းမရ ဖြစ်လုနီးနီးပဲ တချို့ယာဉ်မောင်းတွေကို သင်တန်းပြန်ပေးရင်ပေး၊ မပေးဘူးဆိုလည်း ဘေးအန္တရာယ်ကင်းရှင်းရေးကို လေးစားလိုက်နာတတ်၊ ထိန်းတတ်သိမ်းတတ်တဲ့ ယာဉ်မောင်းတွေနဲ့အစားထိုးဖို့ရင်လည်း လိုနေပါပြီ။ ခုလိုပုံနဲ့တော့ အလွန်ပြင်းထန်တဲ့ ယာဉ်တိုက်မှုတွေဖြစ်လာမှာ မလွဲပါဘူး။ လိုင်းကားတွေဟာ အနှေးဆုံးယာဉ်တွေသာ ဖြစ်သင့်ပါတယ်။ ပါလာတဲ့ ခရီးသည်တွေ အားလုံးရဲ့ ဘေးကင်းရေးကို ဦးထိပ်ထားပြီး ထိန်းထိန်းသိမ်းသိမ်း မောင်းနှင်နေတဲ့ ယာဉ်တွေ ဖြစ်သင့်တယ်။ လူအများအပြားအတွက် လိုင်းကားဟာ တစ်ခုတည်းသော အားထားရာဖြစ်သလို မိမိတို့ သွားလိုရာကို ဘေးကင်းရန်ကင်း ရောက်ချင်တဲ့စိတ်နဲ့ တက်စီးနေကြတာပါ။ ရန်ကုန်က လိုင်းကားတချို့ကို ကျွန်တော်စီးဖူးသလို အတော်လည်း ထိတ်လန့်ခဲ့ရဖူးပါတယ်။ ပြိုင်ပွဲဝင်နေကြတာ မဟုတ်ပါဘူးဗျာ။ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးထိပ်ထားကြပါ။ ငွေနဲ့ အချိန်နောက်ကိုပဲ မဲလိုက်မနေကြပါနဲ့တော့။ အသက်ဆိုတာ အစားပြန်မရနိုင်ပါဘူးဗျာ"

သူ့စာလေးက တိုတိုလေးပါ။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ကျွန်တော်တို့ ဖြတ်သန်းနေတဲ့ ခေတ်ကို ထင်ဟပ်နေ သလိုပါပဲ။

### ကနေ့ရန်ကုန်ရွှေမြို့တော်ကြီး

ကနေ့ ရန်ကုန်မှာ ဥဒဟို မောင်းနေကြတဲ့ လိုင်းကားအသီးသီးရဲ့ စည်းကမ်းမဲ့ပုံ၊ အမောင်းကြမ်းပုံ၊ ရမ်းကားလှုပုံတွေကို ရန်ကုန်မှာနေသူတိုင်းသိဖူးကြုံဖူးကြမှာပါ။ စည်းကမ်းမဲ့တာကတော့ လိုင်းကားတွေသာ မဟုတ်ပါဘူး၊ အငှားယာဉ်ငယ် တွေရော၊ ကိုယ်ပိုင်ယာဉ်တွေပါ စည်းကမ်းကမဲ့ချင်တိုင်းမဲ့နေပါတယ်။ တရားဥပဒေစိုးမိုးရေးအကြောင်း ပြောလာရင် တခြားရာဇဝတ်မှုတွေအသာထား၊ ရန်ကုန်လမ်းတွေပေါ်မှာ စည်းပျက်ကမ်းပျက်နဲ့ ထင်သလို ဥပဒေချိုးဖောက်နေကြ တာတွေကိုတောင် နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိတာဟာ နေ့စဉ်နဲ့အမျှ အထင်အရှားပါပဲ။

နမူနာ တစ်ခုပဲ ပြောပါ့မယ်။ လူသွားစင်္ကြံအစွန်းမှာ ဆေးသုတ်ထားတဲ့ အနီအဖြူကြား၊ အဝါအနက်ကြားမှာ ယာဉ်ပေါင်းစုံ ရပ်ချင်တိုင်း ရပ်နေတာဟာ တရားဥပဒေစိုးမိုးရေးကို ပြက်ရယ်ပြုနေတာပါပဲ။ အနီအဖြူကြား၊ အဝါအနက်ကြားရဲ့ ဆိုလိုရင်းကိုမှ အငှားယာဉ်မောင်းတွေတောင် သိကြရဲ့လားလို့ မေးရလောက်အောင်ကို ဖြစ်ချင်တိုင်း ဖြစ်နေတာပါ။

ကိုယ်ပိုင်ယာဉ်တွေလည်း သိပ်တော့ မထူးပါဘူး။ အထူးသဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ လူအများစုရဲ့ စိတ်ဓာတ်ကအတော်ကြီး ပျက်စီးယိုယွင်းလာတယ်။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ "ငတေစိတ်"တွေက ပွားသထက်ပွား၊ များသထက် များနေပါတယ်။ မနိုင်းကောင်း နိုင်းကောင်း နှိုင်းရရင် ခွေးသားအုပ်မကြီးရဲ့ ခွေးသားပေါက်လေးတွေနဲ့ သိပ်မကွာဘူး။ ညီအစ်ကို မောင်နှမအရင်းအချာသော၊ ဘာသောညာသော စဉ်းစားမနေဘူး၊ ကိုယ့်အင်အားလေး ရှိသလောက်နဲ့ အတင်းတွန်းဖယ် လုယက်မှ နို့စို့ရမှာဆိုတဲ့ အသိမျိုးပဲ ရှိနေကြတယ်။ ဒါ့ကြောင့် ကိုယ်ပိုင်ယာဉ်မောင်း အတော်များများကလည်း အချင်းချင်း ညှာမယ်၊ ဖေးမမယ်ဆိုတဲ့ စိတ်တွေ ကျဲပါးနေကြတယ်။ ကိုယ်လည်း ရှေ့မတိုးနိုင်မယ့်အတူတူ လမ်းပေါက်ကလေး ချန်ပေးဖို့တောင် သိတဲ့သူက ခပ်ရှားရှားရယ်။

### နာမည်ခံ ဥပဒေဘက်တော်သား အကောင်းစားတွေ

ယာဉ်ထိန်းတွေကရော။ ဆိုရှယ်လစ်ခေတ်စကားနဲ့ ပြောရင် "တာဝန်ကျေစပါးရောင်း"နေကြသလိုပါပဲ။ မရပ်ရဆိုတဲ့ နေရာမှာ ရပ်တဲ့ ကားတွေကို ဝန်ချီစက်နဲ့ လိုက်ဆွဲတယ်။ တကယ်ယာဉ်ကြောရှုပ်တဲ့ ရန်ကုန်မြို့လယ် ရွှေဘုံသာလမ်းလို နေရာမျိုးမှာ ယာဉ်နှစ်ထပ် သုံးထပ် ရပ်ထားတဲ့ ကားတွေကို ဆွဲတယ်လို့ မကြားဖူးဘူး။ မျက်ဝါးထင်ထင် မြင်ဖူးတာကတော့ ဘာမဟုတ်တဲ့ အနောက်မြင်းပြိုင်ကွင်းလမ်းလို နေရာမျိုးက ကားကို ဆွဲသွားတာပဲ။ နောက်ဆုံးပေါ် မြန်မာပလာဇာနဲ့ ဆီဒိုးနားဟိုတယ်ကြား စက်မှု-၁ လမ်းပေါ်မှာလည်း ဆွဲတာ မြင်ဖူးတယ်။ ဒါပေမယ့် သူတို့ ဆွဲဖယ်နေကြတာ လွန်ခဲ့တဲ့ တစ်နှစ်လောက်၊ အဲဒီနားမှာ သိပ်မရှုပ်ခင်က။ ခုကျတော့ အဲဒီနားမှာ တအားကျပ်သိပ်နေပြီ။ အဲတော့ကျ မောင်မင်းကြီးသားများ အရိပ်တောင် မမြင်ရတော့ဘူး။ ပြောပြန်ရင်လည်း ပြောတဲ့သူပဲ လွန်မယ်။

ယာဉ်ထိန်းတွေကိုလည်း ဘာအာဏာမှ အပ်နှင်းထားပုံ မရဘူး။ သူတို့ကို ဟောက်စားနေတဲ့သူတွေနဲ့ ဆုံရင် ခမျာများ ဘာမှ မတတ်နိုင်ဘူး။ ပါးတောင်အရိုက်ခံခဲ့ရဖူးတဲ့ သာဓကလည်း အထင်အရှားပဲ။ အဲတော့လည်း ဖြစ်ချင်တိုင်းဖြစ်နေတော့တာ အဆန်းတော့လည်း မဆိုနိုင်ဘူး။ ဆိုရှယ်လစ်ခေတ်တုန်းက အခုခေတ်လောက် အကောင်ပလောင် မပေါဘူး။ အကောင်ပလောင်တွေကလည်း သိပ်အာဏာပါဝါ မပြတတ်ရှာကြဘူး။ ယာဉ်ထိန်းတွေမှာလည်း သူ့အာဏာနဲ့သူ အထိုက်အလျောက် ရှိခဲ့ဖူးတယ်။ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ အရေးယူခဲ့ကြတယ်၊ အကောင်ပလောင် သား သမီးမို့ နောက်မှ အထက်အဆင့်ဆင့်ချင်း ညှိပြီး ပြေလည်အောင် လုပ်ပေးချင်ပေးမယ်၊ လမ်းပေါ်မှာ၊ လူမြင်ကွင်းမှာတော့ အရေးယူစရာရှိ ယူပြခဲ့တာချည်းပဲ။

ပြောခဲ့တဲ့အတိုင်း ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာကျတော့ အကောင်ပလောင်တွေက တအားများလာတယ်။ အာဏာပါဝါပြတာ တွေကလည်း မကြားချင်မမြင်ချင်အဆုံး။ အဲတော့လည်း ဥပဒေဘက်တော်သားဟာ ကြောက်ရသူဘဝရောက်သွားပြီပေါ့။

### လွန်စွာ စည်ပင်နေတဲ့ စည်ပင်

စည်ပင်ကရော . . . မနေ့က နေ့ခင်း တစ်နာရီဝန်းကျင်မှာပဲ အနော်ရထာလမ်းပေါ်ကို မိုက်မိုက်ကန်းကန်းရောက်သွားခဲ့ပါတယ်။ လူသွားစင်္ကြံပေါ်မှာ သာမက လမ်းဘေးက ယာဉ်ရပ်နားတဲ့နေရာတွေအထိပါ ကျူးကျော်ဆောက်လုပ်ထားကြတဲ့ လမ်းဘေးဈေးဆိုင်တွေ အပြည့်နဲ့။ ရွှေဘုံသာလမ်းနဲ့ အနော်ရထာလမ်းထောင့်နေရာ၊ ရွှေဘုံသာလမ်းပေါ်မှာပါ အမိုးနဲ့ဘာနဲ့အကျအန ထိုးထားတဲ့ ဆိုင်တွေ။ ယာဉ်ကြောကြပ်သိပ်ရှုပ်ထွေးစေရာမှာ အဲဒါတွေသည်လည်း တကြောင်းဆိုတာ ကလေးတောင် သိနိုင်ပါလျက်ကနဲ့ စည်ပင်က သည်တိုင်းထိုင်ကြည့်နေတာလည်း ဘာသဘောလို့ အပြောရ ခက်ချင်သား။

အခွန်လွတ်ဈေးတွေ ဖွင့်ခဲ့ဖူးတဲ့ နေရာတွေမှာ အဲဒီဈေးသည်တွေအတွက် နေရာ ဖန်တီးပေးလို့ မရနိုင်ဘူးလား။ ရန်ကုန်မှာ ညဈေးတန်းရယ်လို့ သတ်သတ်မှတ်မှတ် မရှိတာကြာပြီ။ ကြည့်မြင်တိုင် ညဈေးတစ်ခုပဲ ရှိတော့မယ် ထင်တယ်။ ပြောင်းလဲ တိုးတက်နေတဲ့ လူဦးရေ၊ လူနေမှု ပုံစံနဲ့အညီ ရပ်ကွက်အသီးသီးမှာ ညဈေးတွေ၊ ညနေခင်းဈေးတွေ ဖန်တီးပေးလိုက်မယ် ဆိုရင် စီးပွားရှာလိုသူတွေလည်း အဆင်ပြေ၊ လမ်းမတန်းတွေပေါ်လည်း ရှင်းမသွားပေနိုင်ဘူးလား။ ကျွန်တော့်ဉာဏ်လေး တစ်မိုက်တစ်ထွာနဲ့ စဉ်းစားနေမိပါတယ်။

ဟို ဥရောပသား ရေးခဲ့တဲ့ စာလေးကနေ စလာလိုက်တာ ဇာတ်လမ်းက နည်းနည်းရှည်သွားတယ်။ သူကတော့ ရမ်းကားတဲ့ လိုင်းကားတွေအကြောင်း ရေးထားတာ။ အဲဒါကို "ကျွန်တော်တို့ ဖြတ်သန်းနေတဲ့ ခေတ်ကို ထင်ဟပ်နေသလိုပါပဲ"လို့ ကျွန်တော်ရေးခဲ့ပါတယ်။

### တကယ်ဖြစ်ချင် တကယ်လုပ်

ခေတ်နဲ့ ဘယ်လို ဆက်စပ်သလဲဆိုရင်တော့ ၁၉၆၂ ခုနှစ်က စလာလိုက်တဲ့ အစိုးရမင်းများ အဆက်ဆက်ဟာ တနေ့ထက် တနေ့ လူထုကို ရင်ဝယ်သားလို သဘောမထားတော့ဘဲ လက်လွတ်စပယ်နိုင်လာတဲ့ သဘောကို ပြဆိုနေတာပဲ မဟုတ်ပါလား။ လူထုရဲ့ လုံခြုံရေး၊ ဘေးကင်းရေးကို အိပ်မက်ထဲတောင် ယောင်လို့ ထည့်မမက်ဘဲ အစိုးရအဖွဲ့ထဲ ပါခွင့်ရပြီ ဆိုတာနဲ့ ကိုယ့်ဖို့ရယ်၊ ကိုယ့်မိသားစုဖို့ရယ်ပဲ စဉ်းစားတတ်ကုန်ကြတယ်လို့ ပြောလိုက်မယ်ဆို မျက်ထောင့်တွေ နီကုန်ကြမယ် ထင်ပါတယ်။ နီကာမှ နီရော ကျွန်တော်တို့လို သာမန်လူထုကတော့ သည်အတိုင်းပဲ ခံစားနေရတာလည်း အမှန်ပါ။

အထက်မှာ ကျွန်တော် အစထုတ်ခဲ့တဲ့ ရန်ကုန်မြို့ပေါ်က ကိစ္စတွေဆိုရင် ဗဟိုအစိုးရတောင် ကိုင်တွယ်စရာ မလိုပါဘူး။ တိုင်းဒေသကြီး အစိုးရလောက်က စေတနာပါပါနဲ့ ကြပ်ကြပ်မတ်မတ် ဖြေရှင်းသွားမယ်ဆိုရင် အများကြီး ပြေလည်သွားနိုင် တာမျိုးပါ။ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူထားတဲ့ ယာဉ်ထိန်းများအပါအဝင် ရဲအသီးသီးဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာမို့ ရွေးကောက်ခံ အစိုးရအနေနဲ့ တိုက်ရိုက်ကွပ်ကဲလို့ မရနိုင်သေးတာကို နားလည်ပေးနိုင်ပါတယ်။ ဒါပေသည့် တိုင်းဒေသကြီးအစိုးရနဲ့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့ ကြားမှာတင်ပဲ အကြိမ်ကြိမ်အဖန်ဖန် ဆွေးနွေးညှိနှိုင်းပြီးအခြေခံ အကျဆုံးဖြစ်တဲ့ လမ်းပေါ်က တရားဥပဒေစိုးမိုးရေးလေးလောက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြဖို့လိုမယ် ထင်ပါတယ်။


ဗဟိုအစိုးရအနေနဲ့ကတော့ မူဝါဒ ချမှတ်ပေးရုံပါ။ "မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော လှည်းနေ လှေအောင်း မြင်းစောင်းမကျန် ရှိရှိသမျှ တိုင်းရင်းသား လူမျိုးပေါင်းစုံရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးကို အစိုးရအဖွဲ့အစည်းတိုင်းက ပထမဦးစားပေးအဖြစ် မဖြစ်မနေ ဆောင်ရွက်ကြရန်"ဆိုတာမျိုးလောက် ကလေးလမ်းညွှန်ပေးရုံနဲ့တင် ဗဟိုအစိုးရတာဝန်က အတော်ကျေသွားလောက်ပါတယ်။ သက်ဆိုင်ရာ ဌာနအသီးသီးက အဲဒီလမ်းညွှန်အခြေခံမှုကို အစွမ်းကုန် အကောင်အထည်ဖော်ပေးလိုက်တာနဲ့တင် လူထုချစ်တဲ့ အစိုးရလည်း အလိုလိုဖြစ်လာမှာပါ။

သည်စကားဟာ လက်ရှိအစိုးရ တဆက်တည်းကို ရည်ရွယ်လိုက်တာ မဟုတ်ပါဘူး။ နောင်လာလတ္တံ့သော အစိုးရမင်း အဆက်ဆက် ဆင်ခြင်သင့်တဲ့ အချက်လို့ မမိုတ်မသုန်ယုံလို့ ပြောလိုက်တာပါပဲ။ လူထု လုံခြုံရေးသည် ပထမ၊ လူထု ဘေးကင်းရေးသည် ဒုတိယ၊ လူထုသည်သာ တတိယဆိုတဲ့ စိတ်နဲ့ လူထုအပေါ် စေတနာတကယ်ထားပြကြလို့ကတော့ လားဗျာ၊ ဘယ်လို အစိုးရမျိုးကိုမဆို လူထုက ခေါင်းပေါ်ရွက်ထားမှာ ဖြစ်တဲ့အကြောင်း မပြောရဲ ပြောရဲနဲ့ပဲ ဇွတ်မိုတ် ပြောချ လိုက်ရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစုံတရာ ရသွားတန်ကောင်းရဲလို့ မျှော်လင့်နေမိရပါတယ်ခင်ဗျား။

## စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်နှင့် ဒီပဲယင်းမြို့နယ်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းပေးအပ်

**မုံရွာ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင် အရာတော်မြို့နယ်နှင့် ရွှေဘိုခရိုင် ဒီပဲယင်း မြို့နယ်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု



စာရင်းများအား အရာတော်မြို့နယ်နှင့် ဒီပဲယင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများက တစ်ပြိုင်နက်တည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ အဆိုပါ နှစ်မြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ပွဲကို အောက်တိုဘာ ၁၁ ရက်က မုံရွာခရိုင် အရာတော်မြို့နယ်၊ ငှက်ပျောခြံကျေးရွာရှိ မဟာဗောဓိမြရိပ်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ကျေးလက်နေပြည်သူများ၏ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများကို ပေးအပ်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်သည့် သိကောင်းစရာများကိုဟောပြော ဆွေးနွေးခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

## ကတ္တရာထပ်ပိုးလွှာခင်းကျင်း

**သီပေါ အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွင်း ဆောင်ရွက်မည့်ငွေလုံး ငွေရင်းလုပ်ငန်းများအနက် သရဖီလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေသည်ကို အောက်တိုဘာ ၁၃ ရက်က တွေ့ရသည်။

သီပေါမြို့နယ်စည်ပင်သာယာရေးဌာန အနေဖြင့် စည်းကြပ်ခွန်အမျိုးမျိုးမှ ကောက်ခံရရှိသည့် အခွန်ငွေများထဲမှ ဘဏ္ဍာနှစ်အလိုက်မြို့ပြသန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်းတံတားများဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများကို ဦးစားပေး အဆင့်အလိုက်ရန်ပုံငွေများခွဲဝေပြီးပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနတာဝန်ခံ အင်ဂျင်နီယာဦးဖြိုးပြည့်ဟိန်းက ပြောသည်။

ယခုခင်းကျင်းပြီးသော သရဖီလမ်းမှာ အရှည်ပေ ၁၄၅၀ အကျယ် ၁၂ ပေနှင့် ထု သုံး လက်မစီရှိ ကတ္တရာထပ်ပိုးလွှာလမ်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ယောဂကျင့်စဉ်နှင့် သတိပဋ္ဌာန်တရားကိုပေါင်းစပ်ထားသည့် စိတ်လက်ရွှင်လန်းလေ့ကျင့်ခန်းသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၄**

စိတ်ကျန်းမာမှ ကိုယ်ကျန်းမာမည်ဖြစ်နိုင်သောကြောင့် စိတ်ပိုင်းဆိုင်ရာ ကနဦးကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ယောဂကျင့်စဉ်နှင့် သတိပဋ္ဌာန်တရားကို ပေါင်းစပ်ထားသည့် စိတ်လက်ရွှင်လန်းလေ့ကျင့်ခန်း (Mindfulness) သင်တန်းကို နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမနှင့် စိတ်ကျန်းမာရေးဆေးရုံကြီးခန်းမတို့၌ ပြုလုပ်မည်ဖြစ်ကြောင်း ဆေးတက္ကသိုလ် (၂) ရန်ကုန် စိတ်ကျန်းမာပညာဌာနမှ ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးကြိုင်ထံမှ သိရသည်။

"မကြာခဏဆိုသလို လူငယ်လူရွယ်တွေရဲ့အရက်နဲ့ မူးယစ်ဆေးဝါးပြဿနာတွေကို ကြားနေရပါတယ်။ ဆယ်ကျော်သက်အရွယ်မှာ စိတ်ဖိစီးတာတွေ စိတ်ဓာတ်ကျတာတွေ အပေါင်းအသင်းမှားတာတွေရှိရင် စိတ်ထွက်ပေါက် လွဲမှားတတ်ပါတယ်။ ဒါကြောင့် စိတ်ဖိစီးနေသူတွေကို စိတ်ပျော်ရွှင်အောင် နည်းမှန်လမ်းမှန်ကူညီပေးဖို့ လိုအပ်ပါတယ်။ အားကစား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဂီတ၊ အသိအမြင် ဗဟုသုတ၊ ဘာသာရေး၊ ပရဟိတ စသည်ဖြင့်လည်း စိတ်တည်ငြိမ်အောင် လုပ်ပေးလို့ရပါတယ်။ ကျွန်မတို့ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)နဲ့ မြန်မာနိုင်ငံ ဆရာဝန်အသင်း စိတ်ကျန်းမာရေးအဖွဲ့ခွဲတို့ ပူးပေါင်းပြီး လူတွေ စိတ်လက်ရွှင်လန်းစေမယ့်လေ့ကျင့်ခန်းတစ်ခုကို လက်ဆင့်ကမ်းချင်ပါတယ်။ ဒီ (Mindfulness) လို့ခေါ်တဲ့ လေ့ကျင့်ခန်းဟာ မြန်မာသတိပဋ္ဌာန်တရားနဲ့ ယောဂကျင့်စဉ်ကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။ စိတ်ဖိစီးမှုအတွက် အထူးကောင်းမွန်လို့ အနောက်နိုင်ငံကစတင်ပြီး တစ်ကမ္ဘာလုံးအနှံ့လိုလို လူသိများ အသုံးပြုလာကြပါတယ်" ဟု ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးကြိုင်က ရှင်းပြသည်။

စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သင်းသင်းအေးက " လူတိုင်းမှာ စိတ်ကျန်းမာရေးက အဓိကအရေးကြီးပါတယ်။ ကိုယ်ကျန်းမာရေးနဲ့ စိတ်ကျန်းမာရေးကို ခွဲခြားထားလို့ မရပါဘူး။ ကျန်းမာရေးဆိုတဲ့ Definition မှာလည်း စိတ်ရဲ့ကျန်းမာရေး(စိတ္တသုခ)၊ ကိုယ်ခန္ဓာကျန်းမာရေး(ကာယသုခ)နဲ့ လူမှုရေး သုခတွေ ပြည့်စုံမှ လူတစ်ယောက်ရဲ့ကျန်းမာရေးဟာ ပြည့်စုံတယ်လို့ ဖွင့်ဆိုထားတဲ့အတွက် စိတ်ကျန်းမာရေးက နံပါတ်တစ် အဓိကဖြစ်ပါတယ်" ဟုဆိုသည်။

စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က "လူမှုအသိုက်အဝန်းတွင် စီးပွားရေး၊ ကျန်းမာရေးအရ စိတ်ဖိစီးမှုများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရလို့၊ ခွဲခြားဆက်ဆံခံရလို့ စတဲ့ အသီးသီးသော စိတ်ဓာတ်ချို့ယွင်းမှုတွေ အများကြီးရှိပါတယ်။ ဒီလိုလူမျိုးတွေကို ဘယ်လိုစောင့်ရှောက်ကြမယ်၊ ဘယ်လို ပါဝင်ကူညီကြမယ်ဆိုတာ 'ကနဦးစိတ်ကျန်းမာရေး စောင့်ရှောက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့' ဟူသောဆောင်ပုဒ်နှင့်အညီ စိတ်ပညာရှင်များ၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်များ၊ ပရဟိတအဖွဲ့များနှင့် ပတ်ဝန်းကျင်ရှိလူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါကြောင့် ကနဦးစိတ်ကျန်းမာရေးနဲ့ပတ်သက်လို့ လူတိုင်းတတ်မြောက်ထားသင့်တယ်၊ ဗဟုသုတရှိသင့်တယ်လို့ ယူဆပါတယ်" ဟု ပြောကြားသည်။

ကနဦး စိတ်ကျန်းမာရေးစောင့်ရှောက်မှုအခြေခံသင်တန်း (စိတ်လက်ရွှင်လန်းလေ့ကျင့်ခန်း) Mindfulness တွင် ထိုင်းနိုင်ငံမှ ဆရာဝန်ကြီးများ လာရောက်ပို့ချပေးမည်ဖြစ်ပြီး စိတ်ကျန်းမာရေးနယ်ပယ်မှ ဆရာဝန်၊ ဆရာမများ၊ ပြင်ပ ဆရာဝန်၊ ဆရာမများ၊ လူမှုရေးအဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများနှင့် အရွယ်ရောက်ပြီးသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

ပထမအသုတ်တွင် သင်တန်းသား ၄၀ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဆင်းများကဦးဆောင်၍ ကျောင်းသားများ၊ စက်ရုံအလုပ်ရုံများမှ လူငယ်များ၊ လူမှုပတ်ဝန်းကျင်ရှိ ဆယ်ကျော်သက်များကို လေ့ကျင့်ပေးခြင်းအားဖြင့် စိတ်ဖိစီးမှုလျော့နည်းစေပြီး အရက်နှင့် မူးယစ်ဆေးဝါးပြဿနာများမှ ရှောင်ကြဉ်နိုင်အောင် ကူညီပေးနိုင်ကြပေမည်။ အကြောင်းအမျိုးမျိုးကြောင့် စိတ်ဝေဒနာ ခံစားနေရသူများကို ဖေးမကူညီ ပြုစုစောင့်ရှောက်ပေးနိုင်မည့်အပြင် အရက်နှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးတွင်လည်း အသုံးဝင်မည်ဖြစ်သည်။

အဆိုပါ ကနဦးစိတ်ကျန်းမာရေးစောင့်ရှောက်မှု အခြေခံသင်တန်းကို ၂၀၀၀ ပြည့်နှစ်ခန့်ကတည်းက ဩစတြေးလျနိုင်ငံတွင် စတင်ပြုလုပ်ခဲ့ပြီး ယခုမြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးမို့(ကြေးမုံ)**

# ဝက်လက်မြို့နယ်၌ မိုးစပါးစိုက်နည်းစနစ်လေးမျိုး စမ်းသပ်ကွက် အပင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြသ

**ဝက်လက် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာ ကွင်းအမှတ် (၃၂၇၅)ရှိ အကျိုးဆောင်တောင်သူ ဦးဝင်းနိုင်၏ လယ်မြေ ၁၀ ဧကတွင် ရွှေဘိုပေါ်ဆန်းမိုးစပါးအား စိုက်ပျိုးနည်းစနစ်လေးမျိုးဖြင့် စမ်းသပ်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရာတွင် စိုက်ပျိုးရေကို အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာ ကျော်လွှားနိုင်ရန်၊ ရာသီဥတုဖောက်ပြန်မှုအပေါ်တွင် စိုက်စနစ်ပုံစံများ ပြောင်းလဲစိုက်ပျိုးပြီး ရာသီအမီဖြစ်စေရန်၊ ခေါင်နှံ့စနစ်ဖြင့် မိမိတို့စပါးမျိုးကို မျိုးသန့်ပွားများ စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးခြင်းနည်းစနစ်လေးမျိုးဖြင့် စပါးစတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အကျိုးအမြတ်ကွာခြားချက်အား တောင်သူများလက်တွေ့သိမြင်ပြီး အကျိုးရှိစေမည့် စိုက်ပျိုးနည်းစနစ်များကို လိုက်နာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကွင်းသရုပ်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် အကျိုးဆောင်တောင်သူ ဦးဝင်းနိုင်၏လယ်မြေတွင် ဆောင်ရွက်ထားရှိပြီး ကွင်းဆင်းကြီးကြပ်မှုများ ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ ဦးစိုးဝင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ တောင်သူများ တတ်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအားပညာပေးပြသ

**တွံတေး အောက်တိုဘာ ၁၄**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ပြည်သူများ မှုခင်းနှင့်ပတ်သက်သော အသိပညာရရှိစေရန် Mobile မှုခင်းပညာပေးယာဉ်ဖြင့် ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြခန်းယာဉ်တွင် တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့စု ၄၄ မှ ရဲအုပ်ဇော်မင်းအေးနှင့်အဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ၄၉ မှ ဒုရဲမှူး သန်းဇော်ထိုက်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်သိန်းဌေးတို့က မှုခင်းအသိပညာပေးမှုများ ဟောပြောကြသည်။

မှုခင်းပညာပေးပြခန်းယာဉ်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးငွေသူရ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်နှင့် ပြည်သူလူထု ၃၀၀ ခန့်လာရောက်လေ့လာခဲ့ကာ မှုခင်းပညာပေးမှုများ ဆောင်ရွက်သည့်အဖွဲ့မှ လာရောက်လေ့လာသူများအား လူကုန်ကူးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် မှုခင်းဆိုင်ရာအသိပညာများရရှိစေရန် လိုက်လံရှင်းလင်းပြောကြားခြင်း၊ အသိပညာပေးရုပ်စုံကာတွန်း ဓာတ်ပုံများပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



ရွာသာကြီး ဘူတာရုံးခန်း၌ အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက အမှတ် (၁၂) တပ်ခွဲ တပ်စု (၂) တပ်စုမှူး ဒုရဲအုပ်သန်းအေးက ပြည်သူများနှင့်တွေ့ဆုံ၍ ရထားသံလမ်းကူးများ၊ ရထားလမ်းများတွင် လူ၊ နွား၊ ကျွဲ၊ တိရစ္ဆာန်များ ရထားဖြင့်တိုက်မိမှု မဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- (၁၁၈)

# ထွက်ပြေးလာသည့် အမျိုးသမီးကလေးငယ်သုံးဦးအား မိဘများထံပြန်လည်အပ်နှံ

**ကျောက်တန်း အောက်တိုဘာ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့မရဲစခန်းတွင် ထွက်ပြေးလာသည့် အမျိုးသမီးကလေးငယ်သုံးဦးအား မိဘများထံ ပြန်လည်အပ်နှံပေးခဲ့သည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်ချုပ်ရေးမှူးမှ အမျိုးသမီးကလေးငယ်သုံးဦး ရောက်ရှိနေကြောင်း သတင်းပို့သဖြင့် ကျောက်တန်းမြို့မစခန်းမှ သွားရောက်ခေါ်ယူ၍ စခန်းမှူး ဒုရဲမှူးကျော်ဆွေနှင့် မြို့နယ်ရှိဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးရှေ့မှောက်တွင် မေးမြန်းစုံစမ်းခဲ့ရာ ကလေးငယ်သုံးဦးမှာ မွန်ပြည်နယ် ပေါင်မြို့နယ် အလှပ်ကျေးရွာတွင် နေထိုင်ကြသည့် မသက်ဖူးငုံ (၁၄) နှစ် (ဘ) ဦးဇော်မင်း၊ မမိုးအိဇင် (၁၄)နှစ် (ဘ) ဦးစောထွေးနှင့် မတင်ဇာမိုး (၁၂) နှစ် (ဘ) ဦးညိုမင်းတို့ဖြစ်ကြပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ထမင်းဆိုင်တစ်ဆိုင်တွင် တစ်လလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် မိဘများမှ သဘောတူကြိုတင်ငွေများယူ၍ အလုပ်စေခိုင်းအပ်နှံထားပြီး ၂ ရက်မြောက်နေ့တွင် ထွက်ပြေးလာကြသူများဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စုမှ ရဲမှူးအမ်ခေါင်တင်၊ အမှတ် ၆ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ရန်ကုန်) မှ ဒုရဲမှူးဝင်းနိုင်ဦးနှင့် ရဲအုပ်ကျော်စွာဝင်းတို့ရှေ့မှောက်တွင် လူကုန်ကူးမှုနှင့်ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသောကြောင့် ၎င်းတို့မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**၆၈၉**

# ဝါးခယ်မမြို့နယ်ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ မှုခင်းဆိုင်ရာပညာများ ရရှိစေရေးဆောင်ရွက်

**ဝါးခယ်မ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား မှုခင်းဆိုင်ရာ အသိပညာများ ထိရောက်စွာရရှိစေရန်ရည်ရွယ်ပြီး အောက်တိုဘာ ၁၁ ရက် နံနက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာဈေးအနီး ဗိုလ်ချုပ်ပန်းခြံရှေ့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့နှင့် မြို့နယ်အတွင်းသို့ လိုက်လံကာ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှုခင်းအသိပညာပေးယာဉ်ဖြင့် မှုခင်းဆိုင်ရာ အသိပညာများ လှည့်လည်ပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေ့လျားပြခန်းယာဉ်တွင် မူးယစ်ဆေးဝါးအန္တရာယ်၊ မှုခင်းဆိုင်ရာများ၊ လူကုန်ကူးမှုဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ စာစောင်များ ခင်းကျင်းပြသထားရှိပြီး ပြခန်းယာဉ်သို့ လာရောက်လေ့လာကြသော ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပေးသည်။

ယင်းသို့ မှုခင်းဆိုင်ရာရွေ့လျားပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းအား ဝါးခယ်မမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးငွေအောင်၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်နေမျိုးအောင်ဦးဆောင်သော ငါးဦးအဖွဲ့နှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး ဆောင်ရွက်ခဲ့ရာ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။ မှုခင်းဆိုင်ရာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ(ဝါးခယ်မ)**

ပရီမီယာလိဂ်ရင်ခုန်သံ-၈

# လီဗာပူးရဲ့အန်ဖီးလ်ကွင်းမှာ မန်ယူနိုင်ပွဲရဖို့တော့ခက်တယ်

နိုင်ငံတကာပွဲစဉ်တွေကြောင့် တစ်ပတ်ကြာရပ်နားခဲ့တဲ့ပရီမီယာလိဂ်ပွဲစဉ်တွေကို လာမယ့်အောက်တိုဘာလ ၁၅၊ ၁၆၊ ၁၈နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်-၈ မှာတော့ မန်ယူဟာ လီဗာပူးရဲ့အိမ်ကွင်းမှာ သွားကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရမယ်။



**ရှိုင်းမင်းမင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ကော်စတာ(ချယ်လ်ဆီး) | - ၆ဂိုး |
| လူကာကူ(အဲဗာတန်) | - ၅ဂိုး |
| အန်တိုနီယို(ဝက်စ်ဟမ်း) | - ၅ဂိုး |
| အဂူရို (မန်စီးတီး) | - ၅ဂိုး |
| ဆန်းချက်ဇ်(အာဆင်နယ်) | - ၄ဂိုး |
| ဂျိမ်းစ်မီနာ(လီဗာပူး) | - ၄ဂိုး |

ပွဲစဉ် (၇)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၇ | ၆ | ၀ | ၁ | ၁၈ | ၇ | ၁၁ | ၁၈ |
| ၂ | စပါး | ၇ | ၅ | ၂ | ၀ | ၁၂ | ၃ | ၉ | ၁၇ |
| ၃ | အာဆင်နယ် | ၇ | ၅ | ၁ | ၁ | ၁၆ | ၇ | ၉ | ၁၆ |
| ၄ | လီဗာပူး | ၇ | ၅ | ၁ | ၁ | ၁၈ | ၁၀ | ၈ | ၁၆ |
| ၅ | အဲဗာတန် | ၇ | ၄ | ၂ | ၁ | ၁၁ | ၅ | ၆ | ၁၄ |
| ၆ | မန်ယူ | ၇ | ၄ | ၁ | ၂ | ၁၃ | ၈ | ၅ | ၁၃ |
| ၇ | ချယ်လ်ဆီး | ၇ | ၄ | ၁ | ၂ | ၁၂ | ၉ | ၃ | ၁၃ |
| ၈ | ခရစ္စတယ်ပဲလေ့စ် | ၇ | ၃ | ၂ | ၂ | ၁၁ | ၈ | ၃ | ၁၁ |
| ၉ | ဝက်စ်ဘရွန်း | ၇ | ၂ | ၃ | ၂ | ၈ | ၇ | ၁ | ၉ |
| ၁၀ | ဆောက်သမ်တန် | ၇ | ၂ | ၃ | ၂ | ၇ | ၆ | ၁ | ၉ |
| ၁၁ | ဝက်ဖို့ဒ် | ၇ | ၂ | ၂ | ၃ | ၁၂ | ၁၃ | -၁ | ၈ |
| ၁၂ | လက်စတာ | ၇ | ၂ | ၂ | ၃ | ၈ | ၁၁ | -၃ | ၈ |
| ၁၃ | ဘုန်းမောက် | ၇ | ၂ | ၂ | ၃ | ၆ | ၁၁ | -၅ | ၈ |
| ၁၄ | ဘန်လေ | ၇ | ၂ | ၁ | ၄ | ၅ | ၉ | -၄ | ၇ |
| ၁၅ | ဟားလ်စီးတီး | ၇ | ၂ | ၁ | ၄ | ၇ | ၁၄ | -၇ | ၇ |
| ၁၆ | မစ်ဒယ်ဘရော့ | ၇ | ၁ | ၃ | ၃ | ၇ | ၁၀ | -၃ | ၆ |
| ၁၇ | ဆွမ်းဆီး | ၇ | ၁ | ၁ | ၅ | ၆ | ၁၂ | -၆ | ၄ |
| ၁၈ | ဝက်စ်ဟမ်း | ၇ | ၁ | ၁ | ၅ | ၈ | ၁၇ | -၉ | ၄ |
| ၁၉ | စတုတ် | ၇ | ၀ | ၃ | ၄ | ၅ | ၁၆ | -၁၁ | ၃ |
| ၂၀ | ဆန်းဒါးလန်း | ၇ | ၀ | ၂ | ၅ | ၆ | ၁၃ | -၇ | ၂ |

### ချယ်လ်ဆီး - လက်စတာ
**ည ၆း၀၀ (၁၅-၁၀-၁၆)**

လက်စတာက နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ချယ်လ်ဆီးကတော့ အိမ်ကွင်းမှာနိုင်ပွဲဆက်နိုင်အောင် အားစိုက်လာမှာဖြစ်တဲ့အပြင် ဒီပွဲအပြီးမှာလည်း ဥရောပပွဲတွေကစားရဖို့မရှိပါဘူး။ဒါကြောင့်လည်း ချယ်လ်ဆီးတို့ခြေကုန်ထုတ်လာနိုင်မှာဖြစ်ပြီး လက်ရှိလက်စတာရဲ့ခြေကလည်းတည်ငြိမ်မှုမရှိသေးတာကြောင့် ချယ်လ်ဆီးပဲနိုင်မယ်။

### အာဆင်နယ် - ဆွမ်ဆီး
**ည ၈း၃၀ (၁၅-၁၀-၁၆)**

လီဗာပူးကိုရှုံးခဲ့ရပေမယ့် ဆွမ်ဆီးကစားပုံကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အာဆင်နယ်ကတော့ အိမ်ကွင်းဖြစ်သလို အခုနောက်ပိုင်းက စားပုံကောင်းမွန်နေတယ်ဆိုပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့်ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ အာဆင်နယ်အနိုင်ရနိုင်ပေမယ့် ဂိုးတော့မပြတ်ဘူး။

### စတုတ် - ဆန်းဒါးလန်း
**ည ၈း၃၀ (၁-၁၀-၁၆)**

မန်ယူကို သရေကစားနိုင်ခဲ့တာ မှန်ပေမယ့် စတုတ်ခံစစ်ကစားပုံ ကအားနည်းခဲ့ပါတယ်။ မန်ယူတို့ အဆုံးသတ်အားနည်းခဲ့လို့သာ သရေရခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီပွဲကအိမ်ကွင်းဖြစ်နေတာကြောင့် စတုတ်တို့အားစိုက်လာမှာဖြစ်သလို ပြိုင်ဘက်ဆန်းဒါးလန်းကလည်း ခြေစွမ်းပိုင်းပျက်ယွင်းနေတာကြောင့် စတုတ်တို့အခွင့်အရေးရနိုင်ပြီးနိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

### ပဲလေ့စ် - ဝက်စ်ဟမ်း
**ည ၁၁း၀၀ (၁၅-၁၀-၁၆)**

ပဲလေ့စ်ကအခုနောက်ပိုင်းခြေစွမ်းပြန်လည် ကောင်းမွန်လာပါတယ်။ တိုက်စစ်ပိုင်းကစားပုံကောင်းမွန်မှုရှိလာသလို အိမ်ကွင်းလည်း ဖြစ်နေတာကြောင့်နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းကတော့ လက်ရှိအချိန်အထိ ခြေစွမ်းပိုင်း ပျက်ယွင်းနေဆဲ ဖြစ်ပါတယ်။ အသင်းလိုက်ဟန်ချက်ပျောက်ဆုံးနေကာ အဓိကကစားသမားအများစုလည်း ပုံမှန်ခြေစွမ်းအောက်ရောက်ရှိနေပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်တို့အနိမ့်ဆုံးသရေလောက်ကစားသွားနိုင်ဖို့ရှိနေပါတယ်။

### ဆောက်သမ်တန် - ဘန်လေ
**ည ၉း၃၀ (၁၆-၁၀-၁၆)**

ဘန်လေက အာဆင်နယ်ကိုရှုံးနိမ့်ခဲ့ရပေမယ့် ကစားပုံအထူးကောင်းမွန်ခဲ့ပါတယ်။ နောက်ဆုံးမိနစ်မှသာ လက်ထိဘောကြောင့် အနိုင်ဂိုးခွင့်ပြုခဲ့ရတာဖြစ်ပြီး ပွဲချိန် တစ်လျှောက်ကစားသွားတဲ့ခြေစွမ်းကတော့ အလယ်အလတ်အသင်းတိုင်းကိုယှဉ်နိုင်ပါတယ်။ ဆောက်သမ်တန်ကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းဖြစ်ပေမယ့် ယူရိုပါလိဂ်ရှိတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်တယ်။ ဒါကြောင့်လည်း ဘန်လေတို့ အနိမ့်ဆုံးသရေရမယ်။

### ဘုန်းမောက် - ဟားလ်
**ည ၈း၃၀ (၁၅-၁၀-၁၆)**

ဟားလ်က အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်သလို တန်ပြန် တိုက်စစ်ကစားပုံလည်း ထက်မြက်မှုရှိတယ်ဆိုပေမယ့် နိုင်ပွဲရလိုစိတ်များလွန်းပြီး တိုက်စစ်ပိုင်းကိုအလွန်အကျွံလိုက်ပါကစားလေ့ရှိတာ ကြောင့်ခံစစ်ကစားပုံအားနည်းသွားလေ့ရှိကာ ရလဒ်တွေလည်းဆိုးရွားလာတာဖြစ်ပါတယ်။ ဒီပွဲမှာလည်း ဟားလ်တို့နိုင်ပွဲရဖို့တိုက်စစ်ကို သာအားပြုလာနိုင်တာကြောင့် တန်ပြန်တိုက်စစ်ကစားပုံကောင်းတဲ့ ဘုန်မောက်တို့အခွင့်အရေးရနိုင်ပါတယ်။

### မန်စီးတီး - အဲဗာတန်
**ည ၈း၃၀ (၁၅-၁၀-၁၆)**

မန်စီးတီးဟာ ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း အိမ် ကွင်းဖြစ်သလို စပါးကိုရှုံးနိမ့်ခဲ့ရတာကြောင့်လည်း မန်စီးတီးတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ ပွဲကိုဂရုတစိုက်ကစားလာမှာတော့သေချာနေပါတယ်။ ဒါကြောင့်လည်း အဲဗာတန်ရဲ့လက်ရှိကစားပုံကောင်းမွန်နေတယ်ဆိုပေမယ့်လည်း မန်စီးတီးတို့ အိမ်ကွင်းမှာ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်း ကပ်ရသွားနိုင်ပါတယ်။

### ဝက်စ်ဘရွန်း - စပါး
**ည ၈း၃၀ (၁၅-၁၀-၁၆)**

ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ်ကစားရမှာဖြစ်ပေမယ့် မန်စီးတီးကို အနိုင်ကစားနိုင်ခဲ့တဲ့ စပါးခြေကကောင်းမွန်မှုအပြည့်ရှိခဲ့ပါတယ်။ ဒီပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်အောင် စပါးတို့ဂရုတစိုက်ကစားလာနိုင်ပါတယ်။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းဖြစ်ပေမယ့်ခြေစွမ်းပိုင်းကသာမန်သာရှိပါတယ်။ ဒါကြောင့်လည်း စပါးတို့ ဒီပွဲစဉ်မှာထင် သလောက်အခက်မတွေ့နိုင်ပါဘူး။ စပါးတို့ အဝေးကွင်းမှာ နိုင်ပွဲကပ်ရသွားဖို့သာရှိပါတယ်။

### မစ်ဒယ်ဘရော့ - ဝက်ဖို့ဒ်
**ည ၇း၀၀ (၁၆-၁၀-၁၆)**

ဒီနောက်ပိုင်းမှာ မစ်ဒယ်ဘရော့ရဲ့ ကစားပုံကျဆင်းလာပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမဆိုးပေမယ့်လည်း ခံစစ်ပိုင်းကတော့ ဂိုးတွေပေးနေရတာကိုတွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်းအိမ်ကွင်းဖြစ် တာကြောင့်နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဝက်ဖို့ဒ်ကလည်း တုံ့ပြန်ကစားပုံကောင်းမွန်တဲ့အသင်းဖြစ်တာကြောင့် မစ်ဒယ်ဘရော့တို့ အခက်တွေ့နိုင်ပါတယ်။ သရေကျဖို့များတယ်။

### လီဗာပူး - မန်ယူ
**နံနက် ၁း၃၀ (၁၈-၁၀-၁၆)**

လက်ရှိခြေစွမ်းပိုင်းအရတော့ လီဗာပူးက ပိုမိုကောင်းမွန်မှုရှိနေတာထင်ရှားနေပါတယ်။ ဒ့ါအပြင်အိမ်ကွင်းလည်းဖြစ်သလို လီဗာပူးဟာ ဒီပွဲအပြီးမှာလည်း ဥရောပပွဲကစားရဖို့မရှိပါဘူး။ မန်ယူကတော့ ယူရိုပါလိဂ်ကစားရဖို့ရှိနေပါတယ်။ ဒါပေမယ့် မန်ယူအနေနဲ့ ဒီပွဲရှုံးရင် ဖိအားပိုဝင်မှာဖြစ်လို့ ခြေကုန်ထုတ်မှာဖြစ်သလို မန်ယူတိုက်စစ်ကလည်း ဂိုးသွင်းခြေရှိပါတယ်။ ဒ့ါအပြင် လီဗာပူးခံစစ်ကလည်းပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတာကြောင့် မန်ယူတို့ သရေလောက်တော့ရမယ်။

## ငယ်ရွယ်လွန်းသည့် ကစားသမားများဖြင့် ချန်ပီယံမဖြစ်နိုင်ဟု ဝင်းဂါးယုံကြည်



အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက အသင်းတစ်ခုကို ငယ်ရွယ်လွန်းသည့် ကစားသမားများဖြင့် တည်ဆောက်ထားလျှင် မည်သည့် ဆုဖလားကိုမျှ ဆွတ်ခူးနိုင်မည်မဟုတ်သဖြင့်အသက်(၂၃)နှစ်မှ (၃၀) ကြား ကစား သမားအများစုရှိသည့် အသင်းများကသာ ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် အကောင်းဆုံးသော အလားအလာကို ပိုင်ဆိုင်သည်ဟု သူ၏ ဘောလုံးဒဿနကို ထုတ်ဖော် ပြောကြားလိုက်သည်။ ဝင်းဂါးက အသင်း၏ နေရာကျပြီးသား ကစားသမားများနေရာတွင် လူငယ်ကစားသမားများကို အစားထိုးနေရာပေးလွန်းသည့်မူဝါဒကို အမြဲတစေကန့်ကွက်သည့် အခန်းကမှရပ်တည်ခဲ့သူဖြစ်သည်။

“ တကယ်ကစားသမားကောင်းဖြစ်ချင်ရင် အသက်(၂၃) နှစ်တော့ရှိရပါမယ်။ဘာဖြစ်လို့လဲဆိုရင် အဲဒီအသက်မရောက်သေးခင်မှာ သူဟာ လေ့လာသင်ယူနေရဆဲကာလအတွင်းမှာပါပဲ။ကျွန်တော်တို့အသင်းမှာဆိုရင် ဘယ်လာရင်၊ အီဝိုဘီတို့လို လူငယ်လေးတွေနေရာရကြပေမယ့် အသင်းကို တကယ်အထိုင်ချတည်ဆောက်ထားတာက အသက်(၂၃)နှစ်ကနေ (၃၀) အကြား ကစားသမားတွေနဲ့ပါ။ နိုင်ငံလက်ရွေးစင်အသင်းတစ်ခုမှာ လူငယ်တွေနဲ့ချည်း တည်ဆောက်ထားရင် ဒီအသင်းဟာ ဘယ်တော့မှ မအောင်မြင်ပါဘူး” ဟု အာစင်ဝင်းဂါးက အာဆယ်နယ်အသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားလိုက်သည်။

# ဥပဒေဖြင့်အုပ်စိုးခြင်း (Rule by Law) နှင့် တရားဥပဒေစိုးမိုးခြင်း (Rule of Law)

**မောင်စာဂ**

*ယမန်နေ့မှအဆက်*

**Rule of Law နှင့် Rule By Law တို့၏ သွင်ပြင်လက္ခဏာများ**

Rule of Law နှင့် Rule By Law တို့နှင့်ပတ်သက်၍ တွေ့ရှိတတ်ရသော ထင်သာမြင်သာရှိသည့် သွင်ပြင်လက္ခဏာများကို လေ့လာထားမိသမျှ ဤသို့ထုတ်နုတ်တင်ပြပါရစေ။

| စဉ် | Rule of Law | Rule by Law |
|---|---|---|
| ၁ | မျှမျှတတ အုပ်စိုးခြင်းဖြစ်သည်။ တရားသော၊ မျှတသော ဥပဒေဖြင့် အုပ်ချုပ်သည်။ ပြည်သူများ၏ သဘောဆန္ဒအရပြဋ္ဌာန်းသောဥပဒေများဖြင့် အုပ်ချုပ်သည်။ တရားဥပဒေစိုးမိုးရေးရှိသည်။ | အုပ်ချုပ်သူတို့၏ သဘောဆန္ဒအရပြဋ္ဌာန်းသည့် ဥပဒေများဖြင့် အုပ်ချုပ်သည်။ တရားဥပဒေစိုးမိုး ရေးမရှိ။ |
| ၂ | ဥပဒေများကို ပြည်သူများ၏ သဘောဆန္ဒအရ ပြဋ္ဌာန်းသည်။ | ဥပဒေများကို အုပ်ချုပ်သူတို့၏ သဘောဆန္ဒအရ ပြဋ္ဌာန်းသည်။ |
| ၃ | ဥပဒေများသည်အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကောင်းကျိုး ချမ်းသာများကို ဦးတည်သည်။ | ဥပဒေများသည် အုပ်ချုပ်သူတို့၏ အာဏာ တည်တန့်စေရေးကိုသာ ဦးတည်သည်။ |
| ၄ | အုပ်ချုပ်သူနှင့် ပြည်သူများ အားလုံးသည် ဥပဒေ၏ အောက်တွင် တစ်ပြေးညီရှိသည်။ | အုပ်ချုပ်သူသည်ဥပဒေအထက်တွင်ရှိပြီးပြည်သူများက ဥပဒေအောက်တွင်ရှိသည်။ |
| ၅ | ပြည်သူများသည် ဥပဒေကို အသိတရားနှင့် လိုက်နာနေထိုင်ကြသည်။ | ပြည်သူများသည် ဥပဒေကို အကြောက်တရားနှင့်လိုက်နာနေထိုင်ကြသည်။ |
| ၆ | အုပ်ချုပ်သူက ဥပဒေကို ပြည်သူများအားငြိမ်းချမ်းစေရေး ဖွံ့ဖြိုးတိုးတက်ရေး အသုံးချ ကိရိယာသဖွယ် ကျင့်သုံးသည်။ | အုပ်ချုပ်သူက ဥပဒေကို ပြည်သူများအား ဖိနှိပ်စေရေး လက်နက်ကိရိယာသဖွယ် ကျင့်သုံးသည်။ |
| ၇ | တာဝန်ရှိ အဆင့်ဆင့်သော အုပ်ချုပ်သူများ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည်။ | တာဝန်ရှိ အဆင့်ဆင့်သော အုပ်ချုပ်သူများ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိပါ။ |
| ၈ | တာဝန်ရှိ အုပ်ချုပ်သူအဆင့်ဆင့်သည် ဥပဒေကိုသာ ကြည့်သည်။ ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အကာအကွယ်ပေးသည်။ | တာဝန်ရှိအုပ်ချုပ်သူ အဆင့်ဆင့်သည် အထက်အုပ်ချုပ်သူအကြီးအကဲ၏ အမိန့်ကိုသာကြည့်သည်။ ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အကာအကွယ်ပေးမှုမရှိ။ |
| ၉ | နိုင်ငံတော် တည်ငြိမ်ခြင်းသည် အစစ်အမှန် တည်ငြိမ်ခြင်းဖြစ်သည်။ | နိုင်ငံတော်တည်ငြိမ်ခြင်းသည် အကြောက်တရားကြောင့် တည်ငြိမ်ခြင်းဖြစ်သည်။ |
| ၁၀ | အုပ်ချုပ်သူများသည်မိမိတို့၏အာဏာစွန့်လွှတ်ရမည်ကို စိုးရိမ်ပူပန်မှုမရှိ။ | အုပ်ချုပ်သူများသည်မိမိတို့၏ အာဏာစွန့်လွှတ်ရမည်ကို အမြဲစိုးရိမ်ပူပန်လျက်ရှိသည်။ |
| ၁၁ | ပြည်သူတွေ၊ အုပ်ချုပ်သူတွေ အဂတိတရားကင်းစင်သည်။လာဘ်ပေးလာဘ်ယူမှုများပြုလုပ်ရမည်ကို ကြောက်ကြသည်၊ ရှက်ကြသည်။ | ပြည်သူတွေ အုပ်ချုပ်သူတွေ အဂတိတရား၊ မကင်းစင်၊ လာဘ်ပေးလာဘ်ယူမှုများကို လုပ်ရိုးလုပ်စဉ်လုပ်ငန်းသဖွယ် သဘောထားကြသည်။ |

**တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းစေဖို့**

တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းစေဖို့ဆိုလျှင် ဥပဒေကိုပြည်သူအများ၏ သဘောဆန္ဒအရပြဋ္ဌာန်းရမည်။ ပြည်သူများ၏ အကျိုးစီးပွားကောင်းကျိုးချမ်းသာများကို ရှေးရှုသည့်ဥပဒေ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ တရားမျှတသည့် ဥပဒေများဖြစ်ရမည်။

ဥပဒေပြုသူများ၊ အုပ်ချုပ်သူများအားလုံးက ဥပဒေကိုလိုက်နာ၍ ဥပဒေအတိုင်းကျင့်သုံး ကြရမည်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရမည်။ ဥပဒေအထက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိစေရပါ။

ပြည်သူပြည်သားများအားလုံး ဥပဒေကိုသိရှိနားလည်နိုင်စေရန် အသိပညာပေးခြင်းများ ပြုလုပ်ရမည်။ ပူးပေါင်းဆောင်ရွက်ကြရမည်။

ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူများအား ဥပဒေနှင့်အညီ တိကျမှန်ကန်စွာ အရေးယူခြင်း ရှိရမည်။ လွတ်လပ်စွာ တရားစီရင်ခွင့်ရှိရမည်။ ဥပဒေနှင့်အညီ ခုခံချေပခွင့်၊ အယူခံခွင့်များ ရှိကြရမည်။

ဤသို့ဆိုလျှင် ပြည်သူတွေ မျှော်လင့်တောင့်တလျက်ရှိသော တရားဥပဒေစိုးမိုးရေးဆီသို့ အရောက်လှမ်းနိုင်ကြတော့မည်ဟု ယုံကြည်နေမိပါကြောင်း။ ။

## ဝန်းသိုမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ရန်ပုံငွေပေးအပ်ပွဲကျင်းပ

**ဝန်းသို အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ အား မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း ၄၁ ခု အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေါင်းမြူးခန်းမ၌ အောက်တိုဘာ ၁၁ ရက်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ဝန်းသိုမြို့နယ် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန် လမ်း ၂၅ ခု၊ တံတား ၁၂ စင်း၊ ကျေးရွာ ရေရရှိရေး လုပ်ငန်းလေးခုတို့အား အကောင် အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ခွဲဝေရန်ပုံငွေများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများထံ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ထို့နောက် လုပ်ငန်း များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အထွေထွေလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**



## ကျေးရွာနေပြည်သူများ၏အကျိုးပြုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုများအား ကွင်းဆင်းကြည့်ရှု

**ဘားအံ အောက်တိုဘာ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ၏ အကျိုးပြုလုပ်ငန်းများဖြစ်သည့် မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာများ၏ လုပ်ငန်း လည်ပတ် အောင်မြင်နေမှုအခြေအနေများအား အောက်တိုဘာ ၁၁ ရက်က ခရိုင်ကျေးလက်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုခဲ့သည်။

ဘားအံခရိုင်အတွင်း မြို့နယ် ခုနစ် မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၃၉ ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၅၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၄၄ ရွာ စုစုပေါင်း ၁၃၃ ရွာ အား မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၃ ရွာ၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၂ ရွာ စုစုပေါင်း ၂၆ ရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖာပွန်ကျေးရွာ၊ ကွမ်တာကျေးရွာ၊ နားဒိုက်ကျေးရွာများရှိ စိုက်ပျိုးရေးကဏ္ဍတွင် ကြံစိုက်ခင်းနှင့် ပန်းစိုက်ခင်း၊ မွေးမြူရေးကဏ္ဍတွင် ဝက်မွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုများအား ဘားအံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးစောကျော်မင်းဦး၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကာ ဆက်လက်အောင်မြင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာရေးဆောင်ရွက်

**ကျောက်ဆည် အောက်တိုဘာ ၁၄**

ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ချုံနွယ်ပေါင်းပင်များ ရှင်းလင်းပြီး သန့်ရှင်းသာယာရေးအတွက် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။

ငှက်ပျောစိုက်ပျိုးရန်အတွက် မြေညှိ မြေပြင်ခြင်းများကို မြဘုရင်နို့ချက်လုပ်ငန်းမှ လယ်ထွန်စက်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပြီး ငှက်ပျောပင်များ စိုက်ပျိုးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌဒေါက်တာတင်အောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးတိုးတိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးသန်းထွန်း ရှမ်းသင်ယ်ကျေးရွာမှ ဦးကံညွှန့် ဦးဆောင်ပြီး လူမှုရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ငှက်ပျောစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ယခင်ကဆေးရုံမျက်နှာစာတွင် ချုံနွယ်ဆူးပင်များ ပေါက်လျက်ရှိသောကြောင့် မြွေ၊ ကင်းအန္တရာယ် စိုးရိမ်ရပြီး ယခုလို ငှက်ပျောစိုက်ပျိုးလိုက်သောကြောင့် ဆေးရုံကြီးအနေဖြင့် သာယာသန့်ရှင်းပြီး မြင်သူအပေါင်း စိတ်ချမ်းသာမှုများဖြစ်လျက်ရှိကြောင်း ဒုတိယအကြိမ် ဆေးရုံလာတက်သည့် လူနာစောင့် တစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သက်မောင်(ကျောက်ဆည်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ

## ရထားရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၄**

အင်းစိန်မြို့နယ် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်) ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကျောင်းဝင်းအတွင်းအပြင် မြက်ပင်များ၊ ချုံနွယ်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေး စုပေါင်းလုပ်အားပေး ကျင်းပသည်။

လုပ်အားပေးရာတွင် ရထားရဲတပ်ဖွဲ့ အမှတ် ၁၄ တပ်ခွဲ၊ အင်းစိန်မှ တပ်ခွဲမှူး ဒုရဲမှူး စိုးမိုးလွင်ဦးစီးတပ်ဖွဲ့ဝင် ၃၅ ဦး၊ မူလတန်းကြိုကျောင်း တာဝန်ခံဆရာမ ဒေါ်အေးအေးမြင့်နှင့် ဆရာမ ခြောက်ဦး ဈေးကုန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့၊ ရာအိမ်မှူး ဦးအေးကြိုင်နှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ ၁၈ ဦး စုစုပေါင်း အင်အား ၆၀ ဦးခန့်သည် မူလတန်းကြိုကျောင်းအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် စုပေါင်း၍ လုပ်အားပေးခဲ့ကြကြောင်း သိရသည်။

**ဉာဏ်လင်း(အင်းစိန်)**

## မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲ ရေးမြို့၌ စည်ကားစွာကျင်းပ



**ရေး အောက်တိုဘာ ၁၄**

မွန်ပြည်နယ် ရေးမြို့၏ကျက်သရေဆောင် ရွှေဆံတော်စေတီမုခ်ဝမှ စကားတောင်စေတီတော်ဘုရား၏မုခ်ဝအထိ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက အကြိမ် (၁၂၀) မြောက် မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲကို စည်ကားစွာလောင်းလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွမ်းကြီးလောင်းလှူပွဲတွင် ပင့်ဖိတ်ထားသော ကျောင်းပေါင်း ၈၁ ကျောင်းမှ သံဃာအပါး ၁၁၆၄ ပါး၊ သီလရှင် ၂၁၈ ပါးတို့အား မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်မိသားစုများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြသီတာဈေးမိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများအပြင် စာရေးတံမဲလှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲအထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲဖြစ်သော မွန်ပြည်နယ်ဇာတ်သဘင်ကိုလည်း ပြည်သူ့ရင်ပြင်ကွင်း၌ သီတင်းကျွတ်လဆန်း ၁၁ ရက်ညမှ လပြည့်နေ့ညအထိ ၅ ညတိုင်တိုင် ဈေးဆိုင်ခန်းများ၊ ချားရဟတ်ဖြင့် စည်ကားစွာကျင်းပလျက်ရှိကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**

## ရထားစီးခရီးသည်များ၏ဝေဖန်သုံးသပ်ချက်များအား မြန်မာနိုင်ငံအတွင်းရှိ ဘူတာအသီးသီး၌ စစ်တမ်းများ ကောက်ယူမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

မီးရထားဝန်ဆောင်မှု တိုးမြှင့်လုပ်ဆောင်ရန်အတွက် ဝန်ထမ်းများအားလုံး အတူပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရထားစီးခရီးသည်များ၏ စိတ်ကျေနပ်မှုများကို ပိုမိုရရှိစေရန် ယခုအခါ ရထားစီးခရီးသည်များ၏ ဝေဖန်သုံးသပ်ချက်များအား မြန်မာနိုင်ငံအတွင်းရှိ ဘူတာအသီးသီး၌ စစ်တမ်းများ စဉ်ဆက်မပြတ်ကောက်ယူတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ယင်းကဲ့သို့သော ရထားစီးခရီးသည်များအား စစ်တမ်းကောက်ယူမည့်အစီအစဉ်များအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများအား JICA မှ ပြီးခဲ့သည့် မတ်လနှင့် ဩဂုတ်လက ပံ့ပိုးဆောင်ရွက်သင်တန်းပေးခဲ့ခြင်းဖြစ်ပြီး သင်တန်း၌ အရည်အသွေးမြင့် စီမံခန့်ခွဲမှုစနစ်နည်းပညာအချို့၊ ဝန်ဆောင်မှုတိုးမြှင့်ရေးအတွက် ISO-9000-2005၊ အသိပညာဗဟုသုတ (KIZUKI) နှင့် PDCA(KAIZEN) မှ သတ်မှတ်ပေးထားသော အရည်အသွေးမြင့် စီမံခန့်ခွဲမှုစနစ်ရှစ်မျိုး ပါဝင်ကြောင်း သိရသည်။

ရထားစီးခရီးသည်များအား အကောင်းဆုံးဝန်ဆောင်မှုများအတွက် မည်သို့မည်ပုံ လုပ်ဆောင်ရမည့်နည်းစနစ်များနှင့် မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရမည်များကိုလည်း မြန်မာ့မီးရထားမှ ဝန်ထမ်းများအား JICA မှသင်ကြားပို့ချပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း (အောက်မြန်မာပြည်) က "မြန်မာ့မီးရထားအနေနဲ့ JICA ရဲ့ ပံ့ပိုးမှုနဲ့အတူ ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုကဏ္ဍကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ အခုကတော့ ပြည်သူ့အသံကအရေးကြီးလို့ ရထားစီးခရီးသည်များရဲ့ ဝေဖန်သုံးသပ်ချက်များကို ယခုတင်မဟုတ်ဘဲ နောက်ပိုင်းကာလမှာပါ စဉ်ဆက်မပြတ် စစ်တမ်းကောက်ယူလုပ်ဆောင်သွားမှာပါ။ ခုလည်း ရထားစီးခရီးသည်များကို ဝန်ဆောင်မှုကဏ္ဍအနေနဲ့ မေးမြန်းတဲ့အခါမှာလည်း ကျွန်တော်တို့ဝန်ထမ်းများရဲ့ ဆက်ဆံရေး၊ ရထားလက်မှတ်ရောင်းချမှုအပါအဝင် ရထားလွတ်သွားတာများကိုပါ ဘာအခက်အခဲတွေရှိသလဲဆိုပြီး မေးမြန်းပါတယ်။ ရထားစီးခရီးသည်များ ကျေနပ်မှုရှိပါသလား၊ တကယ်လို့ တစ်စုံတစ်ရာ ကျေနပ်မှုမရှိဘူးဆိုရင် ကျွန်တော်တို့အနေနဲ့ ဘယ်လိုပြုပြင်ပြောင်းလဲဖို့လိုမလဲဆိုပြီး ကျွန်တော်တို့အရည်အသွေးများ၊ ဝန်ထမ်းများ အရည်အသွေးများကို မြှင့်တင်ရမှာမို့ ဒီလိုစစ်တမ်းကောက်ယူ ဆောင်ရွက်မေးမြန်းနေခြင်းပဲ ဖြစ်ပါတယ်။ ရထားစီးခရီးသည်များရဲ့ အသံကို နားထောင်ပြီး အကောင်းဆုံးဝန်ဆောင်မှုများကို ဆောင်ရွက်သွားဖို့ စီစဉ်နေပါပြီ" ဟု ရှင်းပြသည်။

တောင်ဥက္ကလာပမြို့နယ်တွင်နေထိုင်သော ရထားစီးခရီးသည် ဦးမောင်မောင်သန်းက "၁၉၇၃ ခုနှစ်ကတည်းက ရန်ကုန်-အုတ်ဖိုရထားစီးနေကျပါ။ ရထားဝန်ဆောင်မှုအပိုင်းက အခြားနိုင်ငံများထက်စာရင် အားနည်းနေပါသေးတယ်၊ အခုကတော့ နယ်သွားဖို့ ရထားစီးဖို့ ကို တစ်ရက်ကြိုတင်လက်မှတ်ဝယ်ယူနေရတယ်ဆိုတဲ့စနစ် မရှိသင့်တော့ပါဘူး။ အဲ့ဒီဘွတ်ကင်စနစ်ကို ကျေးဇူးပြုပြီး ဖျောက်ဖျက်စေချင်ပါပြီ၊ အခြားနိုင်ငံတွေမှာက ရထားစီးဖို့ကို ခုလက်မှတ်ဝယ် ခုတက်စီးပါပဲ၊ ခုလိုစစ်တမ်းကောက်နေတယ်ဆိုတာကလည်း လုပ်နိုင်ရင်တော့ ထိရောက်မှာပါ" ဟု ပြောသည်။

ယင်းအပြင် ဘူတာအသီးသီး၌ ရထားစီးပြည်သူများအတွက် လိုလားချက်များရေးသားရန် record စာအုပ်များအား နေ့စဉ်ထားရှိပေးထားကြောင်း၊ ရထားစီးပြည်သူများ၏ လိုလားချက်များအား ရေးသား၍ရကြောင်း၊ စစ်တမ်းကောက်ယူခြင်းကို ရန်ကုန်ဘူတာကြီး၌ အောက်တိုဘာ ၁၁ ရက်က စတင်နေပြီဖြစ်ကြောင်းနှင့် မြို့ပတ်ဘူတာများတင်မကဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဘူတာများတွင် တစ်လလျှင် တစ်ဘူတာစီ၌ တစ်ကြိမ်စီစစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရှိရသည်။ **စိုးဝင်း MLA**

## ဟင်္သာတမြို့နယ်တွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ ပေသီး၊ ရှူးဒိုင်းများ ရောင်းချမှုမရှိစေရေး လိုက်လံစစ်ဆေး၊ ဆိုင်ရှင်များအား အသိပညာပေးခြင်းများ ဆောင်ရွက်

**ဟင်္သာတ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ပြည်သူများ အထိတ်တလန့်ဖြစ်စေနိုင်သည့် ပြောက်အိုး၊ မီးအိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်းမရှိစေရေး အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက ပဒေသာဈေးကြီးအတွင်းနှင့် ရပ်ကွက်ဈေးဆိုင်များတွင် လိုက်လံစစ်ဆေးခဲ့သည်။

ဟင်္သာတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းဦးဆောင်သော အမှတ် ၁ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်နေမျိုးလင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဝင်းဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေး ဒုတိယဦးစီးမှူး ဦးအောင်နိုင်ထွန်းနှင့် ဈေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခွန်မြင့်စိုးနိုင်နှင့် ရပ်ကွက်တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဒေသာဈေး၊ ငွေဝင်းဈေးနှင့် ဥယျာဉ်မြောက်ရပ်ကွက် မြစ်ကွေ့ကျောင်းလမ်းရှိ စတိုးဆိုင်များတွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ ပေသီး၊ ရှူးဒိုင်းများနှင့် အသံကျယ်လောင်စွာ ဖြစ်ပေါ်စေနိုင်သောပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်းများမရှိစေရေး လိုက်လံစစ်ဆေးခဲ့ပြီး ဆိုင်ပိုင်ရှင်များအား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မီးပွိုင့်တပ်ဆင်ရန်မြေနေရာအား ကြည့်ရှု



**သန်လျင် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့လမ်းဆုံတွင် မီးပွိုင့်တပ်ဆင်ရန်မြေနေရာအား တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါမီးပွိုင့်တပ်ဆင်ရန်ကိစ္စနှင့်ပတ်သက်၍ အောက်တိုဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာနှင့် အလယ်ကျေးရွာ၊ သန်လျင်မြို့နယ်တို့ဆုံရာ အောင်သပြေလမ်းဆုံ (ခ) အေးရှားဝေါလ်လမ်းဆုံတွင် မီးပွိုင့်တပ်ဆင်ရန်အတွက် အမှတ်(၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတပ်ဖွဲ့ခွဲမှူးမျိုးအောင်မြင့်နှင့် ယာဉ်ထိန်းတပ်ဖွဲ့စု(၅၆)မှ ဒုရဲမှူးလှကျော်ဦး၊ ရန်ကုန်မြို့တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ရဲအုပ်ကျော်ကျော်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ခံအင်ဂျင်နီယာဦးလှဝင်း၊ ကျောက်တန်းမြို့ စည်ပင်သာယာရေးဌာနမှ ခေတ္တအမှုဆောင် ဦးသန်းလွင်ဦးတို့မှ မီးပွိုင့်တပ်ဆင်မည့်နေရာအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **စွန်ရဲ(လှိုင်သာယာ)**

## ရထားပေါ်တွင် အုပ်ထိန်းသူမပါဘဲ လိုက်ပါစီးနင်းလာသည့် ကလေးငယ်အား မိဘများထံ ပြန်လည်အပ်နှံ

**သက်န်းကျွန်း အောက်တိုဘာ ၁၄**

အမှတ် ၁၄ အစုန် ပဲခူး-ရန်ကုန် လူစီး RBE ရထားသည် အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီ ၁၃ မိနစ်က သင်္ဃန်းကျွန်းဘူတာသို့ ဆိုက်ရောက်လာစဉ် ရထားလုံခြုံရေးတပ်ဖွဲ့မှ ရထားပေါ်တွင် အုပ်ထိန်းသူမပါဘဲ လိုက်ပါစီးနင်းလာသည့် မတင်ဇာနွယ် အသက် ၈ နှစ် အားတွေ့ရှိသဖြင့် အမှတ် ၁၂ တပ်ခွဲ သင်္ဃန်းကျွန်းရထားရဲစခန်းသို့ အပ်နှံပေးခဲ့ရာ စခန်းမှူး ဒုရဲအုပ်ခင်မောင်သိန်းက ကလေး၏မိဘများအားစုံစမ်း၍ သင်္ဃန်းမြို့နယ် သဇင်မြိုင်လမ်းနေ မိဘများ ဖြစ်ကြသော ဦးအောင်သန်းခင်နှင့် ဒေါ်သန်းသန်းနွယ်တို့ထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**

## ကော့မှူးတွင် မှူခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ကော့မှူး အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဗဟုသုတတိုးပွားစေရေးအတွက် မှုခင်းပြခန်းယာဉ်ဖြင့် မြို့မဈေးနှင့် မြို့သစ်ပိုင်းရပ်ကွက် အ-ထ-က ကျောင်းရှေ့၌ ပြသခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်ဇော်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း ၅၃ မှ ဒုရဲမှူးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မူးယစ် ၄၄ မှ ရဲအုပ်ဇော်မင်းအေးနှင့် တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးမှ ရဲအုပ်သိန်းငွေးတို့က မြို့နယ်ရှိပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး ကွမ်းခြံကုန်းမြို့နယ်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **ဦးကျော်သူရ**

## အလုံမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**အလုံ အောက်တိုဘာ ၁၄**

